# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၇)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၃ ရက် ၊ ၅-၁-၂၀၂၆၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကျင်းပ

## နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၄

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သဘင်ဆောင်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ သို့** ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၄**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၅ ရက် ၊ တနင်္လာနေ့ ။

မန္တလေး

# ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး ဆောင်ရွက်ပေးလျက်ရှိ

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားတိုင်း အခြေခံပညာ သင်ယူပြီးမြောက်စေရေးအတွက် လူတိုင်းအကျုံးဝင်ပညာရေး၊ ကျောင်းနေရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါကြောင်း၊ အခြေခံပညာသင်ရိုးသစ်သည် အရည်အသွေးရှိသည့် ပညာသင်ကြားရေးစနစ်ကို ဦးတည်လျက်ရှိပြီး ကျောင်းသားလူငယ်များ၏ အသိပညာ ဗဟုသုတသာမက ပြဿနာဖြေရှင်းနိုင်မှု၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ တာဝန်သိမှု၊ တီထွင်ကြံဆဖန်တီးနိုင်မှုနှင့် ဆန်းသစ်ဝေဖန်ပိုင်းခြားနိုင်မှုစသည့် အသိဉာဏ်ရှိပြီး ဘက်စုံပညာပြည့်ဝသည့် ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံသားများဖြစ်စေရေး စံသတ်မှတ်ချက်များ ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်က အားထားရသည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးတို့အပြင် စိတ်ဓာတ်၊ စည်းကမ်း၊ နိုင်ငံနှင့် လူမျိုးကို တန်ဖိုးထားသည့် အလေ့အကျင့်ကောင်းများ တိုးပွားလာစေရန် ဆရာ၊ မိဘနှင့် ပညာရေးနှင့် ဆက်စပ်သူများအားလုံးက ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရန် လိုအပ်ပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ဇန်နဝါရီ ၃ ရက်၊ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပညာရေးစုံညီပွဲတော်၌ ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် ဆုရရှိသူနှင့် ၂၀၂၅ ခုနှစ် (၁၄)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပွဲတော်တွင် ပိုက်ကျော်ခြင်း ရွှေတံဆိပ်ဆုရရှိသူကို ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ တိုင်းအဆင့် Grade-9 အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ဆုရရှိသူသုံးဦးကို ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်သည်။ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့က တိုင်းအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အထက်တန်းဆင့်၊ အလယ်တန်းဆင့် စာစီစာကုံးနှင့် ကဗျာဆုရရှိသူများ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် အထက်တန်းဆင့် စာစီစာကုံးဆုရရှိကြသူများ၊ National ICT Awards 2025 (Educational Project and Skills Competition)ပြိုင်ပွဲဆုရရှိကြသူများ၊ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်းဆင့် စာစီစာကုံးနှင့် အလယ်တန်းဆင့်ကဗျာ ဆုရရှိကြသူများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)အမှတ်စဉ်(၁၁၂)သေနတ်ပစ် ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ နေပြည်တော်ကောင်စီ နယ်မြေအတွင်း မြို့နယ်ရစ်မြို့နယ်ရှိ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ မြို့နယ်အလိုက် ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အလယ်တန်းပညာ အောင်မြင်ပြီးမြောက်သူများအတွက် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများသင်ယူနိုင်မည့် အခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်းကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံ အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး ပေးပို့ကြပါသည်။

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ နီပေါနိုင်ငံ သမ္မတ မစ္စတာ ရမ် ချန်ဒရာ ပေါ်ဒဲလ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် မိမိအနေဖြင့် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူများထံ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံ ပြည်သူများ ဆက်လက်တိုးတက်၍ သာယာဝပြောပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ နှစ်သစ်အခါသမယတွင် နွေးထွေးလှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်းနှင့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ကဏ္ဍများ၌ နွေးထွေး၍ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထူထောင်ထားရှိပါသည်။ မိမိအနေဖြင့် ယခုကဲ့သို့ အလွန်တန်ဖိုးထားရသည့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို မြှင့်တင်နိုင်ရေးအတွက် မျှော်လင့်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ငြိမ်းချမ်းသာယာ တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး -၂ ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာယာ ဟာဂျီ မိုဟာမက် ယူဆွတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပြည်သူများအား နွေးထွေးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်ကာလရှည်ကြာ နွေးထွေးပြီး ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးအား ထူထောင်ထားရှိပါသည်။ ဇန်နဝါရီလအတွင်း ဘရူနိုင်း ဒါရူဆလမ်နိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ တရားဝင်ခရီးစဉ်အတွင်း မိမိတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး၊ အထူးသဖြင့် ကုန်သွယ်ရေးနှင့် ပြည်သူအချင်းချင်းဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အကျိုးရှိသည့် ဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့ပါသည်။ ယခုကဲ့သို့ အရေးပါသည့် ဆက်ဆံရေးအား နှစ်နိုင်ငံချင်းနှင့် အာဆီယံမိသားစုဝင်နိုင်ငံများအနေဖြင့် ပိုမိုနက်ရှိုင်းခိုင်မာလာစေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

သာယာဝပြောသော နှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ အမရပူရမြို့-မျိုးညွန့်ဘော်လီဘောကွင်းတွင်ယှဉ်ပြိုင် အောင်သမာဓိအသင်း အနိုင်ရဗိုလ်စွဲ

**မန္တလေး ဇန်နဝါရီ ၄**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက အမရပူရမြို့နယ်၊ တောင်ကြီးရပ်ကွက်ရှိ မျိုးညွန့်ဘော်လီဘောကလပ် အားကစားကွင်းတွင် အောင်သမာဓိအသင်းနှင့် ကျောင်းသားလူငယ်အသင်းတို့ယှဉ်ပြိုင်ကြခဲ့ကြသည်။

ဗိုလ်လုပွဲပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း (မြန်မာ့လက်ရွေးစင်ဟောင်း)၊ အတွင်းရေးမှူးဦးမြင့်ဆွေ၊ ဘဏ္ဍာရေးမှူးဦးဇော်ဦးနှင့်ကော်မတီဝင်များ၊ မျိုးညွန့်ဘော်လီဘောတည်ထောင်သူဥက္ကဋ္ဌ ဦးခင်မောင်သင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ၊ ဘော်လီဘော အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြပြီး ပြိုင်ပွဲအပြီး အောင်သမာဓိအသင်းက ကျောင်းသားလူငယ်အသင်းကို ၃ပွဲ ၁ပွဲဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဘဏ္ဍာရေးမှူး ဦးဇော်ဦး၊ မျိုးညွန့်ဘော်လီဘောကလပ် ဥက္ကဋ္ဌ ဦးခင်မောင်သင်းတို့က ပထမဗိုလ်စွဲသည့် အောင်သမာဓိအသင်းအား ပထမဆုငွေကျပ် ၅သိန်း၊ ဒုတိယဆုရ ကျောင်းသားလူငယ်အသင်းအား ဒုတိယဆုငွေကျပ်၃သိန်းနှင့် ပူးတွဲတတိယဆုရ B2 အသင်းနှင့် မဲကင်းကုန်းအသင်းတို့အား ဆုငွေကျပ် ၂သိန်းစီ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်**

၀-၀-၀-၀-၀

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့သည်မိမိတို့နိုင်ငံ၏ သမိုင်းဝင် နေ့ထူးနေ့မြတ်တစ်ရပ်ဖြစ်သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်ကြောင်း၊ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ပြန်လည်ရယူခဲ့ပြီး လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့သည်မှာ (၇၈)နှစ်ပြည့်မြောက်ပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ယခုကဲ့သို့ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် အခါသမယတွင် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကျင်းပပြီး ဘွဲ့ခံပုဂ္ဂိုလ်ကြီးများကို ကိုယ်တိုင်ကိုယ်ကျ ချီးမြှင့်အပ်နှင်းခွင့်ရသည့်အတွက် မိမိအနေဖြင့် အတိုင်းမသိဝမ်းသာပီတိဖြစ်ရသည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် နိုင်ငံတော်၏ အသက်ခန္ဓာပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အင်အားကြီးနိုင်ငံနှစ်ခုကြားတွင်တည်ရှိနေပြီး ရှုပ်ထွေးသည့် နိုင်ငံရေးသမိုင်းကြောင်း နောက်ခံများနှင့်အတူ ပထဝီအနေအထားအရ အဓိကကျသည့်နေရာတွင် ရှိနေသည့်အပြင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများလည်း ရှိနေကြကြောင်း၊ တည်ငြိမ်မှုရှိအောင် ထိန်းသိမ်းဆောင်ရွက်နိုင်မှုမရှိပါက နိုင်ငံပြိုကွဲမည့်အခြေအနေမျိုးနှင့် ထပ်မံကြုံတွေ့လာနိုင်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့်သမိုင်းကြောင်းများကို သင်ခန်းစာယူပြီး အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြပြီး နိုင်ငံအတွက် ကောင်းသည့်အမွေကို ပေးခဲ့ကြရန်လိုကြောင်း၊ သို့မှသာ မိမိတို့ကာလ၊ မိမိတို့မျိုးဆက်များသည် နိုင်ငံအပေါ်သစ္စာရှိပြီး တာဝန်ကျေပွန်မည်ဖြစ်ကြောင်း။

ထိုသို့ အသက်တမျှ အရေးကြီးလှသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တပ်မတော်က တိုင်းရင်းသားပြည်သူများနှင့် တွဲလက်ညီညီသက်စွန့်ကြိုးပမ်းရင်ဆိုင်ကာကွယ်ခဲ့ကြကြောင်း၊ ထို့ကြောင့်လည်း ယနေ့အထိ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့နေခြင်းဖြစ်သည်ကို ဘွဲ့ခံပုဂ္ဂိုလ်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံးအသိပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် လေးနက်စွာခံယူစောင့်ထိန်းကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်မှာ ထင်ရှားကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားကို အားကောင်းစေသည့် စစ်မှန်စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ဖော်ဆောင်ရေးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက အထူးအလေးထားပြီး တက်ညီလက်ညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများဆိုသည်မှာ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့တည်းကဆောင်ရွက်ခြင်းထက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားသည် အဓိကကျကြောင်း၊ ထိုသို့အင်အားများ စုစည်းပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ပိုမိုထိရောက်အောင်မြင်မှုရှိမည်ကို မိမိတို့အစိုးရအနေဖြင့် နှစ်နှစ်ကာကာ လက်ခံယုံကြည်ထားပြီး လက်တွေ့တွင်လည်း ထိုအတိုင်းပင် အကောင်အထည်ဖော်ကျင့်သုံးနေကြောင်း။

ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများကြောင့်ပင် ယနေ့နိုင်ငံတော်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် လက်နက်ကိုင် အကြမ်းဖက်မှုအန္တရာယ်များနှင့် အခက်အခဲများကို ထိထိရောက်ရောက် တုံ့ပြန်ကိုင်တွယ်ဖြေရှင်းနိုင်ပြီး နိုင်ငံသားများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် သိပ်မဝေးသေးသည့် ကာလများအတွင်းကဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြီးနှင့် ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်၊ အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးဘေးအန္တရာယ်များကိုလည်း နိုင်ငံတော်အစိုးရနှင့် ကဏ္ဍပေါင်းစုံက ပုဂ္ဂိုလ်များနှင့်အတူ ပြည်သူအားလုံးအတူလက်တွဲပြီး ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြခြင်းသည် မိမိတို့၏ စည်းလုံးညီညွတ်မှုသာဓကပင်ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်ခဲ့သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့်အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်သည့် ပုဂ္ဂိုလ်များအပေါ်တွင် လေးစားတန်ဖိုးထားသည့်အနေဖြင့် နှစ်စဉ်သာမက နေ့ထူးနေ့မြတ်တိုင်းတွင် ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်လျက်ရှိကြောင်း။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် ယနေ့ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့က အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၂၅ နှင့် ချီးမြှင့်ခဲ့သည့် စည်သူဘွဲ့ ၁၃ ဦး၊ သီရိပျံချီဘွဲ့ ကိုးဦး၊ ဇေယျကျော်ထင်ဘွဲ့ နှစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ လေးဦး၊ အလင်္ကာကျော်စွာဘွဲ့ လေးဦး၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၂၅ နှင့် ချီးမြှင့်ခဲ့သည့် ဝဏ္ဏကျော်ထင်ဘွဲ့ သုံးဦး၊ စာမျက်နှာ ၄ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဝါဝါဝင်းရွှေအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဦးမြဟန်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

*စာမျက်နှာ ၃ မှ*

အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့က အမိန့်ကြော်ငြာစာအမှတ် ၂၀၃/၂၀၂၅ နှင့် ချီးမြှင့်ခဲ့သည့် သီရိပျံချီဘွဲ့ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ ခုနစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၁၀ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ခြောက်ဦး၊ သီပွကျော်စွာဘွဲ့ ၁၇ ဦး၊ စုစုပေါင်း ဘွဲ့ခံပုဂ္ဂိုလ် ၇၆ ဦးရှိသည့်အနက် အခမ်းအနားတက်ရောက်လက်ခံရယူသည့် ဘွဲ့ခံပုဂ္ဂိုလ်များကို သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်နှင့် ဂုဏ်ပြုစာလွှာများ ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဖြတ်သန်းလာခဲ့သည့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစပြီး ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူထားသည့် တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီးတပ်မတော်သားများသည်လည်း ပြည်သူလူထုကြားက ပေါက်ဖွားလာကြသူများပင်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် ပြည်သူများ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် အဆင့်ဆင့်ဖော်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခက်အခဲ၊ အကျပ်အတည်းများကို တပ်မတော်ကပင် ဦးဆောင်ဖြေရှင်းပေးခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို နိုင်ငံသားအားလုံး မှန်မှန်ကန်ကန် လေ့လာသိရှိနားလည်နိုင်ကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။

မိမိတို့တာဝန်ယူသည့် ကာလတစ်လျှောက်လုံး အများပြည်သူလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုထူထောင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံ၏ အဓိကကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်မှုများတိုးတက်စေရန်၊ နိုင်ငံသားတိုင်းအတွက် အရေးကြီးသည့်ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုစီးပွားဘဝများ တိုးတက်ရန်၊ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပြီး နိုင်ငံတော်အာဏာကို ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့်အစိုးရကို ချောမောအောင်မြင်စွာ လွှဲပြောင်းပေးနိုင်ရန်အတွက် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်မှန်သမျှကို ဦးတည်ချက်၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

သို့သော်လည်း နိုင်ငံနှင့်ပြည်သူ ကောင်းရာကောင်းကျိုးကိုမလိုလားသည့် ပြည်ပနိုင်ငံတချို့နှင့် စဉ်းစားတွေးခေါ်မှုနည်းပါးပြီး လမ်းမှားလိုက်နေကြသည့် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းတချို့၊ အသိဉာဏ်နည်းပါးသည့် အကြမ်းဖက်သမားများနှင့် အားပေးထောက်ခံသူများကြောင့် ယခုအချိန်တွင် အောင်မြင်သင့်သလောက် မအောင်မြင်သည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ယနေ့ဘွဲ့ခံပုဂ္ဂိုလ်များထဲတွင်ပါသည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေသူများ၊ အသိပညာအတတ်ပညာနှင့် နိုင်ငံကိုဘက်ပေါင်းစုံက တိုးတက်အောင် ဆောင်ရွက်နေကြသူများရှိသလို ပြည်တွင်းပြည်ပ၏ အဖျက်အမှောင့်ပယောဂကို ယုံစားပြီး အသိပညာနည်းပါးသည့် ကိုယ်ကျိုးအတ္တသမားများ၊ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်သူများလည်း ရှိနေဆဲဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများအပေါ် မိမိတို့အနေဖြင့် စိတ်မပျက်လက်မလျှော့ဘဲ အားလုံးက စုစုစည်းစည်း၊ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပြီး ကောင်းမွန်သည့် နိုင်ငံ၏ အနာဂတ်ကို အောင်မြင်အောင် ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် ချမှတ်အကောင်အထည်ဖော်နေသည့် လုပ်ငန်းစဉ်များနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို မကြာသေးမီက အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် လာမည့် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အပိုင်း (၂)ကို ကျင်းပသွားမည်ဖြစ်ပြီး အပိုင်း(၃)ကို ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းပြီး ဥပဒေအရ ပြစ်ဒဏ်ကျခံနေရသူများနှင့် ရင်ဆိုင်ဆဲအမှုများကို ဥပဒေနှင့်အညီ လွတ်ငြိမ်းချမ်းသာမှုများနှင့် ပြစ်ဒဏ်လျှော့ပေါ့ ကင်းလွတ်ခွင့်ပြုပေးခဲ့သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

နိုင်ငံသားအားလုံး၏အားသည် နိုင်ငံတော်အတွက်အရေးကြီးကြောင်း၊ ရွေးကောက်ပွဲမှ တစ်ဆင့်ဖြစ်ပေါ်လာမည့် အစိုးရသစ်လက်ထက်တွင်လည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ယခုကဲ့သို့ အင်တိုက်အားတိုက်ဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ရပ်တည်းက ကြိုးပမ်းအကောင်အထည်ဖော်ရုံနှင့် ပြည့်စုံလုံလောက်မှုမရှိနိုင်ကြောင်း၊ နယ်ပယ်ကဏ္ဍအသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့အားလုံးမျှော်မှန်းထားသည့် ဒီမိုကရေစီပြည်ထောင်စုကြီးကို အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများဆိုသည်မှာ မည်သည့်နေ့ရက်တွင် ပြီးမြောက်အောင်မြင်သွားပြီဆိုပြီး သတ်မှတ်လုပ်ဆောင်ရသည့်ရေတိုလုပ်ငန်းမဟုတ်ကြောင်း၊ စဉ်ဆက်မပြတ်ဆက်လက်အကောင်အထည်ဖော်နေရသည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်သည့်အတွက် *စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီဟသူရဘွဲ့ရရှိသူ ဗိုလ်မှူး ဝေယံလင်း(ကိုယ်စား)ဇနီး ဒေါ်ဆုမြတ်နိုင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီဟသူရဘွဲ့ရရှိသူ ဒုတိယအရာခံဗိုလ် ကီးရှယ်(ကိုယ်စား) ဇနီး ဒေါ်ခင်ဖြူအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

**နေ့ထူးနေ့မြတ်အခါသမယတစ်ခုဖြစ်**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် လွတ်လပ်ရေးဟူသည်မှာ မိမိတို့မြန်မာတစ်မျိုးသားလုံးအတွက် အဖိုးအနဂ္ဃထိုက်တန်သည့် ရတနာတစ်ပါးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်စဉ်ကျရောက်မြဲဖြစ်သည့် လွတ်လပ်ရေးနေ့သည် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် တန်ဖိုးထားဂုဏ်ယူဖွယ်ရာ အမွန်မြတ်ဆုံးသော နေ့ထူးနေ့မြတ်အခါသမယတစ်ခုပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နေ့ထူးနေ့မြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းရွက်ခဲ့ကြသည့် သူရဲကောင်းစစ်သည်တိုင်းကို တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း။

ယနေ့ အခမ်းအနားတွင်လည်း နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့အသက်နှင့်ခန္ဓာကို ပဓာနမထားဘဲ သူရဲကောင်းတို့ထုံး နှလုံးမူပြီး ပြည့်ဝသည့် ရဲစွမ်းသတ္တိနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသူများကို တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း။

လွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် နိုင်ငံအတွင်း၌ ဝါဒစွဲကြီးမားမှုမှ အခြေခံပြီး ဂိုဏ်းဂဏကွဲပြားမှုများကတစ်ဆင့် ပြည်တွင်းသောင်းကျန်းမှုကာလကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြန်ကြောင်း၊ ယင်းကာလအတွင်း အစိုးရအဖွဲ့အမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးနှင့် ဆူကြုံနိမ့်မြင့်ဖြတ်သန်းခဲ့ရာတွင်လည်း တပ်မတော်သည် ဒွိတာဝန်အရေးသုံးပါးကို အခြေခံပြီး အမျိုးသားရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်အောင် ထမ်းရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်သည် ဆူကြုံနိမ့်မြင့်ခရီးအသွယ်သွယ်တွင်

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၄ မှ*

နိုင်ငံတော်နှင့်လက်တွဲကြိုးပမ်းနေသူများကလည်း အမျိုးသားအကျိုးစီးပွားအတွက် ဆက်လက်ပြီး လက်တွဲဆောင်ရွက်ပေးကြရန်၊ ထဲထဲဝင်ဝင်ပူးပေါင်းဆောင်ရွက်ခြင်း မပြုရသေးသူများအနေဖြင့်လည်း အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားကို ရည်မျှော်ပြီး နိုင်ငံတော်အစိုးရနှင့် အမြန်ဆုံးလက်တွဲဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ကြောင်း၊ ထို့အပြင် အမြင်မတူ သဘောထားကွဲလွဲနေကြသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအနေဖြင့်လည်း ပဋိပက္ခများမှ တွေ့ဆုံဆွေးနွေးညှိနှိုင်းကြရန် ထပ်မံဖိတ်ခေါ်ကြောင်း။

ဘွဲ့ခံပုဂ္ဂိုလ်ကြီးများ၊ ဧည့်သည်တော်ကြီးများအနေဖြင့် ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပြီး အသက်ရှည်ရှည် ကျန်းကျန်းမာမာနှင့် မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ နိုင်ငံတော်၏အကျိုးကိုဆတက်ထမ်းပိုးတိုးပွားအောင် သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်တောင်းကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ ၁၃ ဦး၊ တပ်မတော်စွမ်းရည်သတ္တိဘွဲ့များ ဖြစ်ကြသည့် သီဟသူရဘွဲ့ရရှိသူနှစ်ဦးနှင့် သူရဘွဲ့ရရှိသူတစ်ဦး၊ သီရိပျံချီဘွဲ့ ၁၀ ဦး၊ ဇေယျကျော်ထင်ဘွဲ့ ကိုးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၁၇ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ရှစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ ၁၁ ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်းလက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**❒ ကိုယ်ကျိုးမဖက် တိုင်းပြည်နှင့်လူမျိုးအပေါ်ထားသည့် သစ္စာတရားများကြောင့် ယခုကဲ့သို့ ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တပ်မတော်မိသားစုဝင်များ၏နောင်ရေး စိတ်အေးချမ်းသာစေရေး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိပြီး စွန့်လွှတ်စွန့်စားသည့် စစ်သည်တော်ကောင်းများဖြစ်လာစေရေး နိုင်ငံတော်၊ တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးသင့်သည့် မှန်သမျှကို ဆက်လက်စီမံဆောင်ရွက်ပေးရန် အမြဲအသင့်ရှိ**

*စာမျက်နှာ ၅ မှ*

စစ်ရေးတိုက်ပွဲများကိုသာမက နိုင်ငံရေးတိုက်ပွဲများကိုလည်း မလွဲမသွေရင်ဆိုင်ဆင်နွှဲရင်း အမျိုးသားနိုင်ငံရေး ဦးဆောင်မှုဟူသည့် ထူးခြားသည့်သမိုင်းမှတ်တိုင်တစ်ခုကိုပါ စိုက်ထူနိုင်ခဲ့ကြောင်း၊ ယင်းသည် သမိုင်းစဉ်များက ချီးမြှင့်သည့် မိမိတို့တပ်မတော်၏ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ဒြပ်တစ်ခုလည်းဖြစ်ကြောင်း။

လွတ်လပ်ရေးသမိုင်းစဉ်၏ ညွှန်းဆိုပြသမှု၊ ပြည်တွင်းသောင်းကျန်းမှုကာလ သမိုင်းစဉ်များ၏ ညွှန်းဆိုပြသမှုများနှင့် ယနေ့မျက်မှောက်တာဝန်ကျေပွန်ခဲ့မှုများကို ကြည့်ရမည်ဆိုပါက တပ်မတော်သည် မျိုးချစ်စိတ်ကိုအခြေခံပြီး သန္ဓေတည်မွေးဖွားလာသည့် မျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ကြောင်းကို သိသာထင်ရှားစွာ တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် အမိမြန်မာနိုင်ငံတော်အတွက် ခိုင်မာအားကောင်းပြီး စွမ်းရည် (၃)ရပ်နှင့် ပြည့်စုံသည့် တပ်မတော်တစ်ရပ်ဖြစ်သည်ဟူသည့် ဂုဏ်ဒြပ်တစ်ခုကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

**ရဲရဲဝံ့ဝံ့ကျေပွန်စွာထမ်းဆောင်**

ထို့ကြောင့် ယနေ့မျက်မှောက်ခေတ်ကာလတွင် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များအနေဖြင့် တပ်မတော်၏ဂုဏ်ဒြပ်ကို လေးစားတန်ဖိုးထားကြရမည်ပင်ဖြစ်ကြောင်း၊ ထို့အပြင် တန်ဖိုးကြီးမားသည့် လွတ်လပ်ရေးနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်၏ နက်ရှိုင်းကျယ်ပြန့်မှုကိုသိရှိပြီး ကျရာကိုယ်စီတာဝန်များကို ရဲရဲဝံ့ဝံ့ ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လေးလေးနက်နက် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသော အာမခံချက်သည် စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးစွမ်းအားစုတစ်ရပ် တည်ဆောက်ပိုင်ဆိုင်ထားနိုင်ခြင်းပင် ဖြစ်ကြောင်း၊ မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံ အသီးသီးကို ကြည့်မည်ဆိုပါကလည်း မိမိနိုင်ငံ၏ နယ်နိမိတ် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စစ်အင်အားများတိုးချဲ့ခြင်းနှင့် ခေတ်မီ လက်နက်အသစ်အဆန်းများ စမ်းသပ်တီထွင်ထုတ်လုပ်ခြင်းများ အပြိုင်အဆိုင်ဆောင်ရွက်နေကြသည်ကို တွေ့ကြရမည်ပင်ဖြစ်ကြောင်း၊ ထို့အပြင် ကမ္ဘာ့နိုင်ငံရေးဓာတ်ခုံပေါ်တွင်လည်း Balance of Power ဟုခေါ်သည့် အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်း၊ ဗိုလ်ကျစိုးမိုးခြင်း၊ အင်အားပြိုင်ဆိုင်မှုကိစ္စရပ်များနှင့် ရုပ်သေးအစိုးရဖြစ်စေရေးကြိုးစားမှုများ များပြားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ပြီး သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်ရေးနှင့် ကမ္ဘာ့နိုင်ငံရေးဓာတ်ခုံပေါ်တွင် အသုံးချခံမဖြစ်စေရေးအတွက် မိမိတို့နိုင်ငံ၏ တပ်မတော်ကိုလည်း တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားရှိသည့်အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် (Standard Army) တစ်ရပ်အဖြစ် ရည်မှန်းချက်ထား တည်ဆောက်လျက်ရှိကြောင်းကို ပြောကြားလိုကြောင်း။

**ပြည်သူလူထုနှင့်အတူလက်တွဲ**

တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏မူဝါဒနှင့် ဦးတည်ချက်များကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ လက်ရှိအမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များမှ စတုတ္ထအချက်ဖြစ်သည့် **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** လုပ်ငန်းစဉ်တွင်လည်း ယနေ့ထက်တိုင် လိုက်ပါအကောင်အထည်ဖော်ဆောင်နေလျက် ရှိသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ဒီမိုကရေစီစနစ် ပီပြင်ခိုင်မာရန်ဆိုပါက ပြည်သူလူထုတစ်ရပ်လုံး အနေဖြင့်လည်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အစဉ်အသိအမှတ်ပြုဂုဏ်ယူနေမည်**

ယနေ့နိုင်ငံတော်သည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လျှောက်လှမ်းနိုင်ရေး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး ရွေးကောက်ပွဲအပိုင်း(၂)နှင့်(၃)ကို ယခုလအတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသည် တပ်မတော်၏ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် အလေးထားမှု၊ ကတိကိုကတိအတိုင်း ဆောင်ရွက်မှု၊ သစ္စာရှိမှုကို ပြသခြင်းပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် မိမိတို့တပ်မတော်သားအဆင့်ဆင့်၏ကျရာတာဝန်ကိုကျေပွန်ခဲ့မှုကြောင့်ဖြစ်ကြောင်း၊ ယင်းကို နိုင်ငံတော်နှင့် တပ်မတော်က အစဉ်အသိအမှတ်ပြုဂုဏ်ယူနေမည်ဖြစ်ကြောင်း။

အများသူငါ လုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့်တာဝန်များကို အသက်ကို မငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စားမှုအပြည့် ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့သူများအတွက် နှစ်စဉ် လွတ်လပ်ရေးနေ့အခါသမယရောက်တိုင်း တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးလျက်ရှိရာ ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ ၅၁ဦးကိုအစဉ်အလာကောင်းများနှင့်အညီ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

**တပ်မတော်၏ဂုဏ်ကိုမြှင့်တင်**

ကိုယ်ကျိုးမဖက် တိုင်းပြည်နှင့်လူမျိုးအပေါ်ထားသည့် သစ္စာတရားများကြောင့် ယခုကဲ့သို့ ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တပ်မတော်မိသားစုဝင်များ၏နောင်ရေးစိတ်အေးချမ်းသာစေရေး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိပြီး စွန့်လွှတ်စွန့်စားသည့် စစ်သည်တော်ကောင်းများဖြစ်လာစေရေး နိုင်ငံတော်၊ တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးသင့်သည့် မှန်သမျှကို ဆက်လက်စီမံဆောင်ရွက်ပေးရန် အမြဲအသင့်ရှိကြောင်းကို အသိပေးပြောကြားလိုကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များအနေဖြင့် တပ်မတော်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ရင်း တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**လေးစားဂုဏ်ယူနေမည်**

**"လုံ့လလည်းရှိ၊ ဉာဏ်ကဝိနှင့်၊ သတ္တိရဲရောင်၊ ပွဲကြီးအောင်သည်၊ စွမ်းဆောင်လုံ့လ အကျိုးတည်း"**ဟူသည့် လင်္ကာအတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယ သူရသတ္တိပြောင်မြောက်စွာထမ်းဆောင်ရင်း ဆုတံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူများသည် တပ်မတော်၏ အစဉ်အလာကောင်းများကို အမွန်မြတ်ဆုံး ပေးဆပ်မှုများနှင့် သက်သေပြခဲ့သူများဖြစ်သဖြင့် ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် အမြဲအမှတ်ရလေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အပြင် ဆုများ ချီးမြှင့်ခြင်းမခံရသော်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာနေရာ အသီးသီးတွင် ပေးအပ်သည့်ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နေကြသူများကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း အစဉ်အလာကောင်းများနှင့်အတူ နောင်လာမည့် မျိုးဆက်သစ်များကို လွတ်လပ်ရေး၏ တန်ဖိုးနှင့်အနှစ်သာရများ၊ သူရသတ္တိတို့နှင့်ပြည့်စုံခဲ့သည့် စစ်သည်တို့၏ ဂုဏ်ဒြပ်များနှင့်အတူ နိုင်ငံ့သမိုင်း ဂုဏ်ရှိန်ထည်ဝါခဲ့သည့် မြန်မာတို့၏ ရာဇဝင်များကို ဆင့်ကဲမျှဝေရင်း ဓာတိသွေး၊ ဓာတိမာန်ထက်သန်သည့် မျိုးဆက်သစ်ကောင်းများ ပေါ်ထွန်းလာအောင် လက်ဆင့်ကမ်း အမွေပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဆုတံဆိပ်များပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးကြီး ခုနစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး ခြောက်ဦး၊ ဗိုလ်မှူး ၁၄ ဦး၊ ဗိုလ်ကြီး လေးဦး၊ ဗိုလ် တစ်ဦး၊ ဒုတိယအရာခံဗိုလ် လေးဦး၊ အုပ်ခွဲ တပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ်ကြီး သုံးဦး၊ တပ်ကြပ် ငါးဦး၊ ဒုတိယတပ်ကြပ် ခြောက်ဦးတို့အား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗဟိုချုပ်ကျော်ထင် သရေစည်သူ ဦးညိုစောနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ သို့






## မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၇ မှ

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုဆောင်ခန်းမ ဥပစာမြက်ခင်းပြင်သို့ရောက်ရှိကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### မီးရှူးမီးပန်းများပစ်ဖောက်မှုကို ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

### ညစာကိုအတူတကွသုံးဆောင်

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။**

ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

### ပဒေသာကပွဲ ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုဆောင်ခန်းမ၌ ပဒေသာကပွဲကို ကြည့်ရှုအားပေးကြသည်။

### ဂုဏ်ပြုပန်းခြင်းပေးအပ်

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အဆိုပါ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဧေယျကျော်ထင် သရေစည်သူ ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေစဉ်။

---

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ် ၂ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၆၁၃၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ် ၃ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၅၂ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၆ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၄ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များ သည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက် တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ရှမ်းပြည်နယ်** | | | |
| ( ၁ ) ဦးဝင်းဇော် | ၁၃/ပတယ(နိုင်)၀၃၆၅၂၇ | ပင်းတယ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) ခွန်ကောင်းချစ်ထွန်း | ၁၃/ဟပန(နိုင်)၀၈၅၁၁၁ | ဟိုပုံး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| ( ၃ ) ဦးကျော်မြင့်နိုင် | ၁၃/နခတ(နိုင်)၀၆၇၂၃၃ | နောင်ချို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) ဦးသန်းထွန်းဦး | ၇/သကန(နိုင်)၁၀၁၄၇၈ | ကျိုင်းတုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၅ ) ဦးကျော်ငြိမ်းအောင် | ၁၃/တခလ(နိုင်)၀၇၄၈၂၉ | တာချီလိတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၆ ) နန်းကျင်း(ခ)နန်းစိန် | ၁၃/တကန(နိုင်)၂၁၈၀၉၄ | တောင်ကြီး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| ( ၇ ) ဦးငွေးလွင်(ခ)ဦးဒီလုံး | ၁၃/နစန(နိုင်)၀၀၀၁၀၅ | နမ့်စန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၈ ) ဦးအောင်ဇော်မိုး(ခ) အောင်ဇော်မိုးထွန်း | ၁၂/ရကန(နိုင်)၀၂၁၄၂၀ | မူဆယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၉ ) စိုင်းမိုးဇော်ဦး | ၁၃/မဆန(နိုင်)၀၁၀၃၄၉ | မိုင်းဆတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) ဒေါက်တာမျိုးထွန်း | ၁၃/ကလတ(နိုင်)၀၀၃၄၀၁ | လားရှိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) စိုင်းထွန်းစံ(ခ) စိုင်းဆေဟန် | ၁၃/လခတ(နိုင်)၀၁၆၇၀၈ | လင်းခေး | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၁၂) ဦးခွန်အောင်ဆန်း | ၁၃/တကန(နိုင်)၁၃၆၉၆၅ | လွိုင်လင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | |
| (၁၃) ဦးဇော်မင်း | ၁၄/ကပန(နိုင်)၀၀၃၄၁၄ | ကျုံပျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) ဦးသန်းထွန်း | ၁၄/ပသန(နိုင်)၁၅၂၂၉၇ | ပုသိမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) ဦးကံမြင့်သန်း | ၁၄/ဖပန(နိုင်)၁၃၇၄၁၆ | မအူပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) ဒေါ်မြင့်စန္ဒာအောင် | ၁၄/မမန(နိုင်)၁၇၀၂၄၆ | မြောင်းမြ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) ဦးနိုင်မင်းဦး | ၁၄/ကခန(နိုင်)၀၇၄၀၄၃ | ကြံခင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၁၈) ဦးအောင်ဝင်းဆွေ | ၁၄/မအန(နိုင်)၀၀၂၄၃၇ | မြန်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ | ၁၄/လပတ(နိုင်)၀၁၃၇၅၁ | လပွတ္တာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) ဦးငွေးဝင်း | ၁၄/ဟသတ(နိုင်)၀၆၇၈၃၅ | ဟင်္သာတ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်ဟု မျှော်လင့်ယုံကြည်

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ် (၁/၂၀၂၆)

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အမိန့်အမှတ် (၁/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် ၆ ပုံ ၁ ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အမိန့်အမှတ် (၂/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား/ အကျဉ်းသူ ၆၁၃၄ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၃/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၂ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ခြင်း စသည့်အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ၏ သက်ဆိုင်ရာ မိသားစုဝင်များအတွက် ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးတန်ဖိုးကို သိရှိနားလည်လာကြပြီး တာဝန်သိသိ သစ္စာရှိရှိဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်မှ ဖော်ဆောင်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်ဟု မျှော်လင့်ယုံကြည်ပါသည်။

၃။ ထို့အပြင် နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်းဆက်ဆံရေးကို အထောက်အပံ့ဖြစ်စေကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာစေမည်ဟု ရှုမြင်ပါသည်။

၄။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ထုတ်ပြန်သော အမိန့်များသည် လူ့အခွင့်အရေး ရှုထောင့်အရလည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုရှုထောင့်အရလည်းကောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးရှုထောင့်အရလည်းကောင်း ကောင်းမွန်သည့် ရလဒ်များ ရရှိစေသည်ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအား ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

# ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ် ၁ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့်(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့် လည်းကောင်း ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ်၊ လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | |
| ၁ | ပင်းတယမြို့နယ် | | | ၄၄၁၆၆ | ၂၉၅၆ | ၄၇၁၂၂ | |
| | | ဦးဝင်းဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၁၅ | ၁၆၉၇ | ၂၂၄၁၂ | ၄၇.၅၆% |
| | | ဒေါ်နွဲ့ထူး | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၈၇၅၆ | ၁၁၁၁ | ၁၉၈၆၇ | ၄၂.၁၆% |
| | | ဒေါ်တင်တင်နွယ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၉၅ | ၁၄၈ | ၄၈၄၃ | ၁၀.၂၈% |
| ၂ | ဟိုပုံးမြို့နယ် | | | ၄၂၁၁၆ | ၄၃၁၄ | ၄၆၄၃၀ | |
| | | ခွန်ကောင်းချစ်ထွန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၂၉၀၀ | ၁၅၁၀ | ၃၄၄၁၀ | ၇၄.၁၁% |
| | | ဒေါ်နန်းတင်မျိုးအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၃၇၀ | ၂၆၁၁ | ၈၉၈၁ | ၁၉.၃၄% |
| | | ဒေါ်ဇင်လဲ့လဲ့ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၄၆ | ၁၉၃ | ၃၀၃၉ | ၆.၅၅% |
| ၃ | နောင်ချိုမြို့နယ် | | | ၄၃၂၁၈ | ၅၄၁၄ | ၄၈၆၃၂ | |
| | | ဦးကျော်မြင့်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၉၀၄ | ၄၂၀၀ | ၂၂၁၀၄ | ၄၅.၄၅% |
| | | ဦးဝင်းဦး | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၉၇၄၁ | ၄၂၂ | ၁၀၁၆၃ | ၂၀.၉၀% |
| | | ဒေါ်စောယု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၃၀၆ | ၃၁၄ | ၅၆၂၀ | ၁၁.၅၆% |
| | | ဦးစိုးသန်း | ပြည်သူ့ပါတီ | ၄၆၈၀ | ၂၂၅ | ၄၉၀၅ | ၁၀.၀၉% |
| | | ဦးစိုင်းဖူးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉၂၁ | ၁၇၁ | ၄၀၉၂ | ၈.၄၁% |
| | | ဦးဇာနည်အေး(ခ)ညွန့်တင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၆၆ | ၈၂ | ၁၇၄၈ | ၃.၅၉% |
| ၄ | ကျိုင်းတုံမြို့နယ် | | | ၄၃၈၆၉ | ၉၉၃၈ | ၅၃၈၀၇ | |
| | | ဦးသန်းထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၀၄၅ | ၈၃၆၉ | ၃၃၄၁၄ | ၆၂.၁၀% |
| | | စိုင်းရွက်(ခ)ဒေါက်တာစိုင်းရွက်ဟောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၁၁၆ | ၇၆၂ | ၉၈၇၈ | ၁၈.၃၆% |
| | | နန်းလှလှဥမ္မာကျော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၂၉၂ | ၃၆၂ | ၄၆၅၄ | ၈.၆၅% |
| | | ဦးသိန်းကျော်နိုင် | ပြည်သူ့ပါတီ | ၃၃၁၉ | ၁၆၇ | ၃၄၈၆ | ၆.၄၈% |
| | | ဒေါ်သန္တာလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၉၇ | ၂၇၈ | ၂၃၇၅ | ၄.၄၁% |
| ၅ | တာချီလိတ်မြို့နယ် | | | ၅၅၀၆၉ | ၄၇၇၉ | ၅၉၈၄၈ | |
| | | ဦးကျော်ငြိမ်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၆၆၆ | ၃၈၁၁ | ၃၀၄၇၇ | ၅၀.၉၂% |
| | | ဒေါ်တိုးတိုးမြင့်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၉၂၃ | ၅၉၂ | ၂၀၅၁၅ | ၃၄.၂၈% |
| | | ဒေါ်ယဉ်မေသူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၄၈၀ | ၃၇၆ | ၈၈၅၆ | ၁၄.၈၀% |
| ၆ | တောင်ကြီးမြို့နယ် | | | ၁၇၁၄၁၁ | ၁၂၉၅၀ | ၁၈၄၃၆၁ | |
| | | နန်းကျင်း(ခ)နန်းစိန် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၆၆၄၉၆ | ၂၂၉၅ | ၆၈၇၉၁ | ၃၇.၃၁% |
| | | ဦးအောင်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၂၅၄ | ၈၁၈၃ | ၅၂၄၃၇ | ၂၈.၄၄% |
| | | ဦးကျော်ဇေယျာဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၈၃၀ | ၃၀၈ | ၁၂၁၃၈ | ၆.၅၉% |
| | | ဦးသောင်းတင်(ခ) သောင်းတင်ရီ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၆၀၁ | ၅၆၉ | ၁၁၁၇၀ | ၆.၀၆% |
| | | ဦးဝင်းနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၆၂၈ | ၄၉၃ | ၁၀၁၂၁ | ၅.၄၉% |
| | | ဒေါ်နီလာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၆၉၃ | ၄၄၄ | ၉၁၃၇ | ၄.၉၆% |
| | | ဦးဝင်းကြည် | တစ်သီးပုဂ္ဂလ | ၈၄၃၆ | ၃၂၈ | ၈၇၆၄ | ၄.၇၅% |
| | | ဒေါ်နန်းလန်းနွန်း | ပြည်သူ့ပါတီ | ၇၄၁၃ | ၂၆၀ | ၇၆၇၃ | ၄.၁၆% |
| | | ဦးဆန်းဘုန်း | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၄၀၆၀ | ၇၀ | ၄၁၃၀ | ၂.၂၄% |
| ၇ | နမ့်စန်မြို့နယ် | | | ၃၅၃၃၇ | ၅၂၄၁ | ၄၀၅၇၈ | |
| | | ဦးဌေးလွင်(ခ)ဦးဒီလုံး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၅၇၆ | ၄၅၅၂ | ၂၃၁၂၈ | ၅၇.၀၀% |
| | | စိုင်းနော်မိုင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၈၅၅ | ၃၅၂ | ၁၀၂၀၇ | ၂၅.၁၅% |
| | | နန်းခမ်းလေ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၄၈၃ | ၁၂၆ | ၃၆၀၉ | ၈.၈၉% |
| | | နန်းချစ်သဲနု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၀၂ | ၁၀၃ | ၂၁၀၅ | ၅.၁၉% |
| | | ဦးစိုင်းသူရကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၂၁ | ၁၀၈ | ၁၅၂၉ | ၃.၇၇% |
| ၈ | မူဆယ်မြို့နယ် | | | ၂၂၅၉၂ | ၂၀၀၀ | ၂၄၅၉၂ | |
| | | ဦးအောင်ဇော်မိုး(ခ)အောင်ဇော်မိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၂၂၅ | ၁၇၃၆ | ၁၂၉၆၁ | ၅၂.၇၀% |
| | | ဦးစိုင်းဘိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၆၇ | ၂၆၄ | ၁၁၆၃၁ | ၄၇.၃၀% |
| ၉ | မိုင်းဆတ်မြို့နယ် | | | ၃၃၇၅၄ | ၄၆၃၉ | ၃၈၃၉၃ | |
| | | စိုင်းမိုးဇော်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၃၉၉ | ၄၀၉၂ | ၂၉၄၉၁ | ၇၆.၈၁% |
| | | ဦးကျော်ဆန်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၉၁ | ၂၄၆ | ၄၉၃၇ | ၁၂.၈၆% |
| | | စိုင်းငင်းဆိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆၆၄ | ၃၀၁ | ၃၉၆၅ | ၁၀.၃၃% |
| ၁၀ | လားရှိုးမြို့နယ် | | | ၂၉၈၈၀ | ၅၇၃၇ | ၃၅၆၁၇ | |
| | | ဒေါက်တာမျိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၀၄၄ | ၄၅၄၀ | ၁၉၅၈၄ | ၅၄.၉၈% |
| | | ဦးစိုးမင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၁၅၆ | ၆၆၅ | ၆၈၂၁ | ၁၉.၁၅% |
| | | ဒေါ်ကေသီအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၈၀၂ | ၃၄၈ | ၅၁၅၀ | ၁၄.၄၆% |
| | | ဦးရှောင်ဝူး | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၂၁၇၆ | ၅၆ | ၂၂၃၂ | ၆.၂၇% |
| | | ဦးမြင့်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၂ | ၁၂၈ | ၁၈၃၀ | ၅.၁၄% |
| ၁၁ | လင်းခေးမြို့နယ် | | | ၁၅၂၁၀ | ၃၁၅၅ | ၁၈၃၆၅ | |
| | | စိုင်းထွန်းစံ(ခ)စိုင်းဆေဟန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၆၈၀ | ၁၀၅၃ | ၉၇၃၃ | ၅၃.၀၀% |
| | | စိုင်းမြင့်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၃၀ | ၂၁၀၂ | ၈၆၃၂ | ၄၇.၀၀% |
| ၁၂ | လွိုင်လင်မြို့နယ် | | | ၃၂၂၅၃ | ၃၇၅၈ | ၃၆၀၁၁ | |
| | | ဦးခွန်အောင်ဆန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၅၆၁၄ | ၆၅၂ | ၁၆၂၆၆ | ၄၅.၁၇% |
| | | ဦးခင်မောင်သီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၅၁ | ၂၄၂၁ | ၈၉၇၂ | ၂၄.၉၂% |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | စိုင်းစိုးတင့်(ခ) စိုင်းခမ်းပန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၂၅ | ၅၀၆ | ၈၄၃၁ | ၂၃.၄၁% |
| | | နန်းခဲ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၁၁ | ၉၉ | ၁၅၁၀ | ၄.၁၉% |
| | | ဦးဇော်မိုးလတ် | တစ်သီးပုဂ္ဂလ | ၇၅၂ | ၈၀ | ၈၃၂ | ၂.၃၁% |
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၁၃ | ကျုံပျော်မြို့နယ် | | | ၁၀၂၆၁၆ | ၆၀၅၄ | ၁၀၈၆၇၀ | |
| | | ဦးဇော်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၉၀၂ | ၃၅၇၀ | ၃၉၄၇၂ | ၃၆.၃၂% |
| | | ဦးမျိုးသိန်း | ကရင်ပြည်သူ့ပါတီ | ၁၈၂၀၅ | ၆၈၆ | ၁၈၈၉၁ | ၁၇.၃၉% |
| | | ဦးကိုကိုထက် | ပြည်သူ့ပါတီ | ၁၃၀၃၁ | ၃၃၄ | ၁၃၃၆၅ | ၁၂.၃၀% |
| | | ဒေါ်အမာဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၃၃၉ | ၄၁၂ | ၁၀၇၅၁ | ၉.၈၉% |
| | | နန့်သန်းမြင့်ကြည် | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ | ၇၈၄၁ | ၃၂၈ | ၈၁၆၉ | ၇.၅၂% |
| | | ဦးကြိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၉၃၆ | ၃၀၅ | ၇၂၄၁ | ၆.၆၆% |
| | | ဦးစံရှိန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၃၈၅ | ၃၄၁ | ၆၇၂၆ | ၆.၁၉% |
| | | ဒေါ်ငြိမ်းငြိမ်းအိ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉၇၇ | ၇၈ | ၄၀၅၅ | ၃.၇၃% |
| ၁၄ | ပုသိမ်မြို့နယ် | | | ၁၃၂၆၃၄ | ၁၀၄၁၉ | ၁၄၃၀၅၃ | |
| | | ဦးသန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၉၃၁၆ | ၇၈၉၀ | ၅၇၂၀၆ | ၃၉.၉၉% |
| | | ဦးကျော်မောင်မောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၈၇၀ | ၅၂၁ | ၁၅၃၉၁ | ၁၀.၇၆% |
| | | ဦးမြင့်စိုးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၇၇၇ | ၄၂၁ | ၁၃၁၉၈ | ၉.၂၃% |
| | | စောလောလ | ကရင်ပြည်သူ့ပါတီ | ၁၂၅၂၇ | ၄၃၈ | ၁၂၉၆၅ | ၉.၀၆% |
| | | ဦးအောင်စိုး | ပြည်သူ့ပါတီ | ၁၁၀၂၀ | ၂၃၁ | ၁၁၂၅၁ | ၇.၈၆% |
| | | ဦးနေဝင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ | ၈၁၅၈ | ၂၁၄ | ၈၃၇၂ | ၅.၈၅% |
| | | ဦးအောင်မင်းနိုင် | တစ်သီးပုဂ္ဂလ | ၇၈၂၀ | ၁၉၂ | ၈၀၁၂ | ၅.၆၀% |
| | | ဦးတင်ဖေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၅၇၄ | ၂၃၀ | ၆၈၀၄ | ၄.၇၆% |
| | | ဦးတင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၇၁ | ၁၅၆ | ၅၈၂၇ | ၄.၀၇% |
| | | ဦးအေးဝင်း(ခ)ဦးဝင်းကြည် | တစ်သီးပုဂ္ဂလ | ၃၉၀၁ | ၁၂၆ | ၄၀၂၇ | ၂.၈၂% |
| ၁၅ | မအူပင်မြို့နယ် | | | ၁၃၉၈၁၂ | ၅၂၈၂ | ၁၄၅၀၉၄ | |
| | | ဦးကံမြင့်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၈၇၄၃ | ၄၂၂၃ | ၈၂၉၆၆ | ၅၇.၁၈% |
| | | ဦးဖြိုးဝေစိုး | ပြည်သူ့ပါတီ | ၁၇၇၂၂ | ၂၇၅ | ၁၇၉၉၇ | ၁၂.၄၀% |
| | | ဦးဝင်းစိန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၃၉၈ | ၂၈၄ | ၁၄၆၈၂ | ၁၀.၁၂% |
| | | နော်မိုးမိုးဆန်း | ခေတ်သစ်ပြည်သူ့ပါတီ | ၈၅၄၈ | ၁၃၀ | ၈၆၇၈ | ၅.၉၈% |
| | | ဦးလင်းမင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၈၇၇ | ၁၆၉ | ၇၀၄၆ | ၄.၈၆% |
| | | ဦးစိုးလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၈၉၄ | ၈၈ | ၆၉၈၂ | ၄.၈၁% |
| | | ဦးမင်းမင်းဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၆၃၀ | ၁၁၃ | ၆၇၄၃ | ၄.၆၅% |
| ၁၆ | မြောင်းမြမြို့နယ် | | | ၁၃၄၈၆၃ | ၄၇၂၆ | ၁၃၉၅၈၉ | |
| | | ဒေါ်မြင့်စန္ဒာအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၁၄၃ | ၂၃၅၉ | ၅၀၅၀၂ | ၃၆.၁၈% |
| | | ဦးအောင်ခင် | ကရင်ပြည်သူ့ပါတီ | ၂၇၆၂၁ | ၈၇၄ | ၂၈၄၉၅ | ၂၀.၄၁% |
| | | ဦးလှထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၇၄၀ | ၅၁၁ | ၁၉၂၅၁ | ၁၃.၇၉% |
| | | ဦးထွန်းမြတ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၂၇၄ | ၄၄၇ | ၁၃၇၂၁ | ၉.၈၃% |
| | | ဒေါ်ခင်မာဆွေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၆၇၄ | ၁၃၉ | ၉၈၁၃ | ၇.၀၃% |
| | | ဦးသီဟ | ပြည်သူ့ပါတီ | ၈၉၄၇ | ၁၅၂ | ၉၀၉၉ | ၆.၅၂% |
| | | ဦးမင်းခေါင်သန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၄၆၄ | ၂၄၄ | ၈၇၀၈ | ၆.၂၄% |
| ၁၇ | ကြံခင်းမြို့နယ် | | | ၄၄၆၅၉ | ၂၀၃၆ | ၄၆၆၉၅ | |
| | | ဦးနိုင်မင်းဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၁၀၄ | ၅၉၁ | ၁၇၆၉၅ | ၃၇.၈၉% |
| | | ဦးမျိုးမင်းထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၈၆၅ | ၁၀၅၅ | ၁၄၉၂၀ | ၃၁.၉၅% |
| | | ဒေါက်တာဦးတင်မောင်ကြိုင် | ပြည်သူ့ပါတီ | ၉၀၁၇ | ၂၆၀ | ၉၂၇၇ | ၁၉.၈၇% |
| | | ဦးလမင်းနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၇၃ | ၁၃၀ | ၄၈၀၃ | ၁၀.၂၉% |
| ၁၈ | မြန်အောင်မြို့နယ် | | | ၉၇၂၀၆ | ၅၁၁၁ | ၁၀၂၃၁၇ | |
| | | ဦးအောင်ဝင်းဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၅၇၀ | ၃၂၇၄ | ၄၃၈၄၄ | ၄၂.၈၅% |
| | | ဒေါ်ခင်ယုံ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၁၇၂ | ၈၃၅ | ၂၄၀၀၇ | ၂၃.၄၇% |
| | | ဦးအောင်ကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၇၁ | ၅၉၁ | ၁၇၆၆၂ | ၁၇.၂၆% |
| | | ဦးမြင့်ခိုင် | ပြည်သူ့ပါတီ | ၁၆၃၉၃ | ၄၁၁ | ၁၆၈၀၄ | ၁၆.၄၂% |
| ၁၉ | လပွတ္တာမြို့နယ် | | | ၁၀၈၉၃၆ | ၃၃၂၃ | ၁၁၂၂၅၉ | |
| | | ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၀၄၇ | ၂၂၂၉ | ၄၈၂၇၆ | ၄၃.၀၁% |
| | | ဒေါ်ကျော့ကျော့စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၀၉၉ | ၃၄၃ | ၂၃၄၄၂ | ၂၀.၈၈% |
| | | ဦးကျော်လှိုင်ထွေး | ပြည်သူ့ပါတီ | ၁၀၆၁၂ | ၁၅၈ | ၁၀၇၇၀ | ၉.၅၉% |
| | | စဂျင်မီဦး | ကရင်ပြည်သူ့ပါတီ | ၉၀၀၁ | ၁၃၀ | ၉၁၃၁ | ၈.၁၃% |
| | | ဦးကျော်သန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၆၁ | ၁၇၅ | ၇၈၃၆ | ၆.၉၈% |
| | | ဦးနေထက်အောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၅၀၉ | ၂၄၃ | ၇၇၅၂ | ၆.၉၁% |
| | | ဦးချစ်မင်းဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၀၀၇ | ၄၅ | ၅၀၅၂ | ၄.၅၀% |
| ၂၀ | ဟသ်ာတမြို့နယ် | | | ၁၃၀၇၄၃ | ၄၄၈၆ | ၁၃၅၂၂၉ | |
| | | ဦးဌေးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၃၉၆၇ | ၃၀၀၉ | ၅၆၉၇၆ | ၄၂.၁၃% |
| | | ဒေါ်ခင်အေးမွန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၆၃၇ | ၄၈၄ | ၂၄၁၂၁ | ၁၇.၈၄% |
| | | ဦးအောင်ကျော်လွင် | ပြည်သူ့ပါတီ | ၁၆၉၉၅ | ၂၅၉ | ၁၇၂၅၄ | ၁၂.၇၆% |
| | | ဒေါက်တာနမ့်ခင်သင်းစု | ကရင်ပြည်သူ့ပါတီ | ၁၀၅၉၁ | ၁၈၃ | ၁၀၇၇၄ | ၇.၉၇% |
| | | ဒေါ်သန္တာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၃၄၇ | ၂၇၉ | ၁၀၆၂၆ | ၇.၈၆% |
| | | ဦးဇင်ဗိုလ်ဗိုလ်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၀၉၄ | ၁၉၈ | ၉၂၉၂ | ၆.၈၇% |
| | | ဒေါ်လင်းလင်းထက်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၁၁၂ | ၇၄ | ၆၁၈၆ | ၄.၅၇% |

# ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားများ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပ






**မန္တလေး ဇန်နဝါရီ ၄**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားများကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း ဥပစာရှေ့တွင် ကျင်းပသည်။

ဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ စစ်တီးဝိုင်းတပ်စု၊ အလံတင်တပ်စုတို့က တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အစီအစဉ်များအတိုင်း စင်မြင့်ထက်ရှိ အလံတိုင်ထိပ်သို့ လွှင့်တင်ဆောင်ရွက်ပြီး အလေးပြုကြသည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်းအသီးသီးမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ၊ လူမှုအသင်းအဖွဲ့အစည်းများ၊ မန္တလေးမြို့အခြေစိုက် တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၂၀၀၀ ဦး ကျော်သည် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားကျင်းပသည့် မန္တလာသီရိအားကစားကွင်း ဥပစာရှေ့ သတ်မှတ်နေရာအသီးသီးတို့တွင် နေရာယူကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းတို့ကို ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြုခြင်းကို အစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

၎င်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ်က ဖတ်ကြားပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ မန္တလာသီရိလေ့ကျင့်ရေးအားကစားကွင်းတွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် မြန်မာ့ရိုးရာအားကစားနည်းပြိုင်ပွဲများကျင်းပနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်အမျိုးအစားအလိုက် ဆုရရှိကြသူများကို တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ကြသည်။

ယနေ့ကျရောက်သော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်၊ ရပ်ကွက်၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် အားကစားပြိုင်ပွဲများ၊ မြန်မာ့ရိုးရာအားကစားနည်း ပြိုင်ပွဲများ၊ ဂုဏ်ပြုအထိမ်းအမှတ် အခမ်းအနားများကို ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**






## အောင်လံမြို့၌ (၅၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

**အောင်လံ ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ အထက(၁)ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ပင်စင်စားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းတပည့်များက မြတ်ဆရာပူဇော်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အထက(၁) ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲကို နံနက် ၈ နာရီမှ စတင်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများက စာသင်နှစ်များ အလိုက် စုပေါင်း၍ တက်ရောက်လာသူများအား စတုဒိသာများ ကျွေးမွေးပြီး တေးသီချင်းများဖြင့် သီဆိုဧည့်ခံခဲ့ကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပပြီး ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ကန်တော့ကြကာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ငွေများဖြင့် ပူဇော်ခြင်း၊ တပည့်ဟောင်းများက သီးခြားကန်တော့ငွေ၊ ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ယခုနှစ် မြတ်ဆရာပူဇော်ပွဲတွင် အသက်(၈၀)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး တစ်ဦးလျှင် ငွေကျပ် ၁၃၀,၀၀၀ နှုန်း၊ အသက်(၈၀)နှစ်အောက် ဆရာကြီး၊ ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ၁၁၀,၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၁၃ ဦးအား ပူဇော်ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀-၀

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| လာဇီယို | ၀ | - | ၂ | နာပိုလီ |
| ဖီအိုရင်တီးနား | ၁ | - | ၀ | ခရိုမိုနီဆီ |
| ပီရိုနာ | ၀ | - | ၃ | တိုရီနို |

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင်ကျင်းပ

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ ၎င်းတို့၏ဇနီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် Mr. Zhang Wei ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ တက္ကသိုလ်ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

အခမ်းအနား၌ ဂုဏ်ပြုညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)မှ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများက တေးသံသာများဖြင့် ဂုဏ်ပြုဧည့်ခံဖျော်ဖြေခဲ့ကြောင်း၊ ခေတ္တဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ဂုဏ်ပြုဧည့်ခံဖျော်ဖြေခဲ့သည့် အဖွဲ့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**







# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၂၈၃ ဦး လွတ်ငြိမ်းချမ်းသာခွင့်ရ

**မန္တလေး ဇန်နဝါရီ ၄**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအမိန့်အမှတ် (၂/၂၀၂၆)အရ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၆၁၃၄ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ၄၀၁(၁)အရ ယနေ့နံနက်ပိုင်းက လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ရာ မန္တလေးမြို့ရှိ မန္တလေး ဗဟိုအကျဉ်းထောင်မှလည်း အကျဉ်းသား၊ အကျဉ်းသူ ၂၈၃ ဦး လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအမိန့်အမှတ်(၂/၂၀၂၆)အရ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ကြသည့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၂၂၄ ဦးနှင့်အကျဉ်းသူ ၅၉ ဦးတို့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းတို့က ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်ခန်းမ၌တွေ့ဆုံ၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁(၁)အရ ပြစ်ဒဏ်များကို လွတ်ငြိမ်းချမ်းသာခွင့်ပြုပြီး တည်ဆဲဥပဒေများအားတိကျစွာ လိုက်နာလျက်ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်စားသောက်ကြရန် ဆုံးမသြဝါဒစကားများပြောကြားခဲ့ပြီး လွတ်လက်မှတ်၊ ခရီးစရိတ်၊ စားစရိတ်တို့ကို ပေးအပ်ခဲ့ကြောင်း၊ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်(၅)ခုနှင့်ကုန်ထုတ်စခန်း(၇)ခုတို့မှ အကျဉ်းသား ၉၈၁ ဦးနှင့် အကျဉ်းသူ ၁၈၆ ဦး စုစုပေါင်း ၁၁၆၇ ဦး လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**





# ၂၀၂၆ နှစ်သစ်ကူး အထိမ်းအမှတ် ဈေးနှုန်းလျှော့ စာအုပ်ရောင်းချပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးမြို့၊ ၃၂လမ်း၊ ၇၃ လမ်းနှင့် ၇၄လမ်းကြားရှိ စိတ်ကူးချိုချို စာအုပ်အရောင်းဆိုင်တွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်မှစ၍ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီ ၉ ရက်အထိ စာအုပ်များ ဈေးနှုန်းလျှော့၍ နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် စာအုပ်များရောင်းချပွဲကို ကျင်းပလျက်ရှိသည်။

အဆိုပါ စာအုပ်ရောင်းချပွဲတွင် စိတ်ကူးချိုချိုတိုက်ထုတ် စာအုပ်များကို ကဗျာဆရာ၊ စာရေးဆရာများအား ငွေကျပ် နှစ်သောင်းဖိုး စာအုပ်လက်ဆောင်ပေးပြီး စာအုပ်များ သီးသန့်ဝယ်ယူလိုပါက တစ်ဦးချင်း ၂၀ ရာခိုင်နှုန်း၊ ကိုယ်စားလှယ်နှင့် စာကြည့်တိုက်အား ၃၀ ရာခိုင်နှုန်း လျှော့ချပေးမည်ဖြစ်ပြီး တစ်ဦးလျှင် ငွေကျပ် လေးသောင်းဖိုးဝယ်ယူမှုတိုင်းအတွက် ၄၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် စာအုပ်တစ်အုပ် ထပ်မံရောင်းချပေးသွားမည်ဖြစ်ကြောင်း စိတ်ကူးချိုချိုစာအုပ်ဆိုင်က သိရသည်။

**PNT**

၀-၀-၀-၀

# ပြုံးသူကင်းတဲ့ မွေးမေမေ

စိုးဝင်းဗိုလ်(အရာတော်)







စစ်ကိုင်းစာပေရောင်းရင်းများ စုပေါင်းရေးဖွဲ့သီကုံး၍ (၂၆)ကြိမ်မြောက် အမေနေ့ အထိမ်းအမှတ်အဖြစ် စီစဉ်ထုတ်ဝေသည့် 'ပြုံးသူကင်းတဲ့ မွေးမေမေ' စာအုပ်ထွက်ရှိလာသဖြင့် လေ့လာဖတ်ရှုခွင့်ရရှိခဲ့ပါသည်။

ထိုစာအုပ်ကို ကဗျာဆရာကြီး ရွှေမင်းသား (စစ်ကိုင်း)နှင့်တကွ စစ်ကိုင်းစာပေရောင်းရင်းများက ဦးဆောင်ကာ မြန်မာပြည်တစ်ဝန်းမှ ပေးပို့လာသော ကဗိစာဆိုပညာရှိအပေါင်း၏ လှပဝေဆာသော ကဗျာ အညွန့်အဖူးတို့နှင့် ပေါင်းစုကာ ထုတ်ဝေထားသော စာအုပ်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာပြည်တစ်ဝန်းက ကဝေ၊ ကဝိန်၊ ကဝိစာဆိုပညာရှိ ကဗျာဆရာကြီးအပေါင်းက အမေ့စေတနာ၊ အမေ့မေတ္တာ၊ အမေ့ကရုဏာ၊ အမေ့ကျေးဇူး၊ အမေ့ဂုဏ်ရည်တို့ကို လှပခံ့ညား ကြည်ညိုဖွယ်ကောင်းအောင် ဝေဝေဆာဆာ ညွှန်းဆိုဖွဲ့နွဲ့ထားကြသည်ကို တွေ့ရှိရပါသည်။

အလွန်လှပကြည်နူးသာယာဖွယ်ကောင်းသော ကဗျာပန်းဥယျာဉ်ကြီးသဖွယ်ဖြစ်နေသည်ကို လေ့လာသိရှိရပါသည်။ ပြုံးသူကင်းတဲ့ မွေးမေမေ ကဗျာစာအုပ်သည် ကြည့်ရှုသူ၊ ကဗျာ ရွတ်ဖတ်သူအပေါင်းကို ကြည်နူးနှစ်သက်မှုကို ခံစားဖြစ်ပေါ်စေပါသည်။

ကဗျာ၏သဘောသည် စိတ်ဖြင့် ကြည့်ရှုခံစားရုံဖြင့် ကဗျာအရသာကို ပြီးပြည့်စုံစွာ မခံစားရပေ။ အသံထွက်ရွတ်ဖတ်မှသာလျှင် ကဗျာ၏ အရသာကို အပြည့်အဝခံစားရရှိနိုင်မည်ဖြစ်ပါသည်။

ကဗျာနှင့်စပ်လျဉ်း၍ တင်ပြရသော် ကဗျာရေးဖွဲ့သူ ကဝိပညာရှင်လေးမျိုးရှိ၏။

(၁) စိတ်ကူးဖြင့်ကြံစည်ရေးဖွဲ့သူ(စိန္တာကဝိ)
(၂) ကြားနာမှတ်သား၍ ရေးဖွဲ့သူ(သုတကဝိ)
(၃) အကြောင်းအရာတစ်ခုခုကို အရှိအတိုင်း ရေးဖွဲ့သူ(အတ္ထကဝိ)
(၄) တစ်ခဏချင်းကွန့်မြူး ဖြစ်ပေါ်လာသော ဉာဏ်ဖြင့်ရေးဖွဲ့သူ (ပဋိဘာနကဝိ)တို့ ဖြစ်ပါသည်။

ပြုံးသူကင်းတဲ့ မွေးမေမေကဗျာစာအုပ်သည် ထိုကဝိကဗျာပညာရှင်လေးမျိုးလုံး ပါဝင်နေသဖြင့် ကဗျာပန်းဥယျာဉ်ကြီးသဖွယ် အရောင်အသွေးစုံလင်စွာဖြင့် လှပတင့်တယ်ကြည်နူးနှစ်သက်ဖွယ် ရှိရုံမျှမက ခံ့ညားထည်ဝါမှုလည်း ရှိနေပါပေသည်။

**ကဝိစာဆိုပညာရှင်ဆရာကြီး ရွှေမင်းသား (စစ်ကိုင်း)ကမူ –**

**'ပြုံးသူကင်းတဲ့ မွေးမေမေ'သည်**
**ရာသီဆယ့်နှစ်လ လပြည့်မှာ**
**ပြာသိုလပြည့်ည အအေးသာ။**
**အမေ့မေတ္တာ အမေ့နလုံး**
**ပြာသိုလပြည့်နှင့် ယှဉ်လိုက်ဦး။**
**အမေ့မေတ္တာက အသာဆုံး။**
**အမေ့မျက်နှာက အကြည်လင်ဆုံး၊**
**အမေ့အကြင်နာက အအေးမြဆုံး။**

ဟု ဂုဏ်ပြုညွှန်းဆိုရေးဖွဲ့သီကုံးထားသည်မှာ ကဗျာရွတ်ဖတ်သူ၏ ရင်ထဲဝယ်စွဲငြိကာ ချစ်ခင်ကြည်နူးနှစ်သက်မှု သိင်္ဂါရရသနှင့် ငြိမ်းချမ်းမှု သန္တရသတို့ကို ဖြစ်ပေါ်ခံစားရရှိစေပါသည်။

မြန်မာပြည်အရပ်ရပ်က ကဝိစာဆို ကဗျာပညာရှင်တစ်ရာနှင့် စုပေါင်းရေးဖွဲ့ထားသော ပြုံးသူကင်းတဲ့ မွေးမေမေကဗျာသည် ကဗျာပုဒ်ရေ တစ်ရာနှင့် စုစည်းကာ တည်ဆောက်ထားသည်မှာ ကဗျာရှု၊ ကဗျာရွတ်ဖတ်သူအပေါင်းကို ရသမျိုးစုံ ခံစားရရှိစေပါသည်။

ရသကိုးပါးလုံး ပါဝင်နေသည်ကို တွေ့ရပါသည်။

ကဗျာအပုဒ်တစ်ရာလုံးသည် အလှပေါ်အယဉ် ဆင့်လို့ သူ့ထက်ငါ အလှချင်းပြိုင်နေဘိအလား အလှတကာထိပ်ခေါင်တင်၊ အလှဘုရင်များသာတည်းဟု ဆိုရပေမည်။ ပြိုင်စံရှားသည့် ကဗျာစာအုပ်ဟု ဆိုချင်ပါသည်။

အကောင်းတကာ့ထိပ်ခေါင် အကောင်းတွေကြားတွင် ကဝိစာဆိုကဗျာပညာရှင်နှင့် ကျွန်ုပ်၏ ခံစားမှုနှင့် ထပ်တူထပ်မျှခံစားရသော ကဗျာတစ်ပုဒ်ကို ကောက်နုတ်ဖော်ပြလိုပါသည်။

ထိုကဗျာအပုဒ်တစ်ရာထဲတွင် ပါဝင်သော ကဗျာတစ်ပုဒ်မှာ -

**'အမေနှင့် ကြက်တစ်ချိုး' ဖြစ်ပါသည်။**

* **ကြက်တစ်ချိုးဝယ် ဈေးခြင်းလွယ်၍**
**စိတ်မယ်ပြုံးယောင် အမေ့တောင်မှ**
**ပြေးတောင် လွှမ်းနေမိတော့သည်၊**
**ချဉ်ပေါင်နှစ်စည်း ငရုတ်သီးနှင့်**
**လက်ချည်းဗလာ အကြွေသာကျန်**
**အပြန်မှာ ခြေက သွက်နေ၏ ။**

* **နောက်ခြေတစ်ချိုး ကြက်အဖိုးက**
**အစိုးမရတည် အကြွေးရ၍**
**ဈေးမသေးလည်း ဝယ်ခဲ့၏၊**
**အနံ့မှာမွှေး ကရဝေးနှင့်**
**ဟင်းမွှေးမဆလာ ချက်ကာလသား**
**ရှက်မှာချဉ်ပေါင် ဆီအရောင်လွှမ်း**
**စပ်တောင် ပါသေး၏ ။**

* **အမေထည့်ပေး ရင်ပုံလေးတဲ့**
**မနေးသခင် အိမ်ဦးရှင်အတွက်**
**ထည့်စဉ်ပြုံးလျက် မေတ္တာဖက်**
**လျှာမြက်အတွက် ဖြစ်တော့၏၊**
**အမေ့ထည့်ပေး သည်းမြစ်လေးတဲ့**
**သားထွေးအတွက် ပြုံးမပျက်ဘဲ**
**လျှာမြက်အတွက် ဖြစ်တော့၏ ။**

* **အမေထည့်ပေး ပေါင်သားလေးတဲ့**
**(သမီး)ထွေးအတွက် ပြုံးမပျက်ဘဲ**
**လျှာမြက်အတွက် ဖြစ်တော့၏၊**
**အမေ့ခမျာ နောက်ဆုံးမှာ**
**ရင်မှာအပြုံး ပီတိဖုံးလျက်**
**အဆုံးခြေထောက် မေတ္တာမြောက်စွာ**
**ဖင်နောက်ဆီဘူး အနှစ်လူးကာ**
**ကြည်နူးစွာသာ အခါခါချက်ကျွေး**
**စိတ်မှာအတွေး ရှိနေသေး၏ ။**

ဤကဗျာလေးကို ကျွန်ုပ်ကြိုက်နှစ်သက်ရခြင်းအကြောင်းမှာ ဤကဗျာကို ရေးဖွဲ့သီကုံးသော ကဝိစာဆိုကဗျာရှင်၏ အမေနှင့် ကျွန်ုပ်အမေ၏ စိတ်နေစိတ်ထား ထပ်တူနီးမျှကျနေသည်ကို တွေ့ရှိရ၍ ကြိုက်နှစ်သက်မိသည်လည်းပါ၏။

ကဝိစာဆို၏ ကဗျာအရေးအဖွဲ့ကလည်း ခေတ်အဆက်ဆက်မှ မှတ်တမ်းတင်ခံရသော စာပေအမျိုးအစား၊ တစ်နည်းအားဖြင့် လောကသာရ၊ ကျမ်းဂန္ထ၌ ဓမ္မရသာ၊ အလင်္ကာဖြင့် ရေးသားထားသော ကျမ်းဂန်သမိုင်းနှင့်ညီသော ဂန္ထဝင်ကဗျာဖြစ်သည့်အတွက်ကြောင့်တစ်ကြောင်း အထူးပို၍ပို၍ ကြိုက်နှစ်သက်မိခြင်းဖြစ်ပါသည်။

အမေ့အကြောင်းရေးဖွဲ့ရာတွင်လည်း အမေ့စေတနာ၊ အမေ့မေတ္တာ၊ အမေ့စိတ်နေသဘောထားတို့ကို ထင်ယောင်မြင်ယောင်ပေါ်လွင်လာအောင် ရေးဖွဲ့နိုင်စွမ်းရှိလှပါသည်။ ကဗျာရှုသူ၊ ကဗျာရွတ်ဖတ်သူတို့၏ နှလုံးအိမ်တွင် အမေ့အပေါ် သနားကြင်နာစိတ်များ ဖြစ်ပေါ်စေလှပါသည်။

အမေ့ခမျာ သားသမီးနှင့် အိမ်ဦးအရှင် ခင်ပွန်းတို့ကို အရသာရှိရှိ ထမင်းစားရဖို့ စီမံချက်ပြုတ်၍ ကျွေးမွေးပြုစုရပါသည်။

အမေသည် မိသားစုဝင်ငွေနှင့် ထွက်ငွေမျှမျှတတရှိဖို့၊ ရှိစုမဲ့စုအနည်းအပါးငွေလေးကို ခြိုးခြိုးခြံခြံ၊ ချွေတာသုံးစွဲကာ မိသားစုစားဝတ်နေရေးကို စီမံချက်ပြုတ်ရသူလည်း ဖြစ်ပါသည်။

ယနေ့ခေတ် ကြက်သားဈေးကလည်း စီပီ (CP)ကြက်က တစ်ပိဿာဈေး ငွေကျပ် ၂၁၀၀၀။ ဟန်းချိန်း (ကပြားကြက်)က ငွေကျပ် ၃၀၀၀၀။ ဗမာကြက်က ငွေကျပ် ၃၅၀၀၀ ဈေးရှိသည်မို့ ပိဿာလုံးဈေး မဝယ်နိုင်သဖြင့် ကြက်တစ်ချိုး (ကြက်တစ်ခြမ်း)သာ ဝယ်နိုင်ရှာပါသည်။

တစ်နေ့မှာ အမေသည် ကြက်တစ်ချိုး၊ ချဉ်ပေါင်နှစ်စည်း၊ ငရုတ်သီးစိမ်းတို့ကိုသာဝယ်ပြီး ပြန်လာရာ လက်ကျန်ငွေမှာ အကြွေစေ့လေးနှင့် လက်ချည်းဗလာ ပြန်ခဲ့ရပါသည်။

ဝယ်လာသည့် ကြက်တစ်မျိုးကလည်း အကြွေးတစ်ဝက်ထားကာ ဝယ်ခဲ့ရခြင်းဖြစ်၏။ ဈေးမှ ဝယ်လာသော ကြက်သားကို အနံ့မွှေးအောင် ကရဝေးနှင့် ဟင်းမွှေးမဆလာတို့နှင့် ကာလသားချက် ချက်ပြီး ချဉ်ပေါင်ဟင်းအရောင်ပါရုံမျှနှင့် ငရုတ်သီးစိမ်းလေးနှင့် ချဉ်စပ်ချက်ကာ စီမံချက်ပြုတ်၏။ ထမင်းကျက်၍ သားသမီးနှင့် ခင်ပွန်းသည် လင်ယောကျ်ားဖို့ကိုပြင်ဆင်ကာ ထမင်းကျွေးမှုကို ဆောင်ရွက်၏။ ထမင်းဝိုင်းတွင် သားကိုချစ်မြတ်နိုးသည်ဖြစ်၍ သား၏ ထမင်းပန်းကန်ပြားထဲကို အသည်းကို ထည့်ကာပေးပြီး ကျွေး၏။ သားကို အရသာရှိရှိ မြိုးမြိုးမြက်မြက်၊ မြိန်ရေရှက်ရေ နှစ်နှစ်ခြိုက်ခြိုက် အားရပါးရ စားသောက်သည်ကို မြင်လိုလှသော မိခင်၏မေတ္တာစိတ်ကား တန်ဖိုးထားလေးစားထိုက်ပါပေ၏။

သမီးကိုမူ ပေါင်သားလေးကို ထည့်ကာပေးကာ ကျွေးမွေး၏။ သမီးကိုလည်း မြိန်ရေရှက်ရေ အားရပါးရ စားသောက်သည်ကို မြင်လိုလှသော အမေ ပါတကား။ အမေ၏ မေတ္တာစိတ်ကား ကြီးမား မွန်မြတ်လှပါ၏။

အမေသည် အိမ်ဦးနတ်ရှင် ခင်ပွန်းလင်ကိုမူ ရင်ပုံသားလေးကို ပြုံးရွှင်ကြည်နူးစွာဖြင့် ထည့်ကာပေးပါသည်။ အိမ်ဦးနတ်ရှင်ကိုလည်း မြိန်ရေရှက်ရေ စားကောင်းစေချင်သော အမေ့ဂုဏ်ကျေးဇူးကား ကြီးမားမြင့်မြတ်လှပါပေ၏။

အမေ့ခမျာမှာမူ သားသမီးနှင့် ခင်ပွန်းသည်တို့အပေါ် စေတနာ မေတ္တာအကြင်နာကြီးမားသူပီပီ အမေဟာ ကိုယ့်အတွက် အမိကပဓာနမထားဘဲ ပီတိအပြုံးတို့ကို နှလုံးအိမ်မှာထားကာ ကြက်သားပန်းကန်ထဲတွင် ကျန်ရှိနေသော ကြက်ခြေထောက်နှင့် ဖင်နောက်ဆီဘူးတို့ကို အနှစ်လူးကာသာ စားသောက်ရှာပါသည်။

အမေသည် သားသမီးနှင့် အိမ်ဦးရှင် လင်သားတို့ကိုသာ ဦးစားပေးကျွေးမွေးပြုစုခဲ့သည်မှာ နေ့ရက်ပေါင်းများစွာ အကြိမ်ကြိမ် အခါခါဖြစ်၏။ အမေ့စေတနာ၊ အမေ့ကရုဏာ၊ အမေ့ကျေးဇူးဂုဏ်တို့ကား အလွန်တရာကြီးမြတ် လှပါပေတကားဟူ၍ ကဝိစာဆို ကဗျာဆရာအိုးဝေ(မြေနီကျင်း)က ရေးဖွဲ့သီကုံး ညွှန်းဆိုထားပါသည်။

ဆရာအိုးဝေ(မြေနီကျင်း)၏ အရေးအဖွဲ့သည် ကဗျာရှုသူ၊ ကဗျာရွတ်ဖတ်သူတို့၏ နှလုံးအိမ်မှာ ထင်ယောင်မြင်ယောင်လာအောင် သရုပ်ဖော်ရေးဖွဲ့နိုင်စွမ်းရှိပါသည်။ ကရုဏာရသလည်း မြောက်လှပါပေ၏။ ပြောစရာမကျန်လောက်အောင် အမေနှင့်ကြက်တစ်ချိုးကဗျာကို ရေးဖွဲ့နိုင်စွမ်းရှိသူဟု ဆိုချင်ပါပေသည်။ အမေနေ့အထိမ်းအမှတ်အဖြစ် ရေးဖွဲ့သီကုံးကြသော မြန်မာပြည်အရပ်ရပ်က ကဝိစာဆိုတို့၏ အလင်္ကာ၊ ရသမြောက်စွာ ရေးဖွဲ့နိုင်စွမ်းရှိသည်ကို တွေ့ရှိရပါသည်။

အချုပ်ဆိုရသော် ပြုံးသူကင်းတဲ့ မွေးမေမေ ကဗျာစာအုပ်လေးသည်ကား ကဝိဘာရတီပညာရှိ ကဗျာဆရာကြီးများ၏ စာအုပ်ပီသပါပေ၏။ ပြုံးသူကင်းတဲ့ ကဗျာစာအုပ်ကောင်းတစ်အုပ်ဟု ဆိုချင်ပါကြောင်းနှင့်တင်ပြရင်း ကမ္ဘာပေါ်ရှိ အမေအားလုံးကို အလေးအမြတ်တန်ဖိုးထား၍ ဂုဏ်ပြုရေးသားကာ မှတ်တမ်းတင်အပ်ပါသတည်း။




## ပရီးမီးယားလိဂ်ခေတ်တွင် အိမ်ကွင်း၌ ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၁ ပွဲဆက် အနိုင်ရရှိသည့် စံချိန်မှတ်တမ်းတစ်ရပ် အက်စတွန်ဗီလာအသင်း ပိုင်ဆိုင်

**လန်ဒန် ဇန်နဝါရီ ၄**

အက်စတွန်ဗီလာအသင်းသည် ပရီးမီးယားလိဂ်ခေတ်တွင် ပထမဆုံးအကြိမ်အဖြစ် အိမ်ကွင်း၌ ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၁ ပွဲဆက် အနိုင်ရရှိသည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းသည် အိမ်ကွင်းတွင် နော်တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ကောင်းများဆက်တိုက်ရယူပြီး ပရီးမီးယားလိဂ်ပွဲစဉ် ပွဲ ၂၀ ကစားအပြီးတွင် ရမှတ် ၄၂ မှတ်ဖြင့် အဆင့်(၃) နေရာတွင် ရပ်တည်ခဲ့သည်။



နည်းပြ အူနိုင်းအမ်မရီက "အသင်းအနေနဲ့ အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်လာမယ့်ပွဲစဉ်တိုင်းကိုလည်း အနိုင်ရရှိအောင် ကြိုးစားပြီး အောင်မြင်မှုတွေ ရယူသွားမှာပါ"ဟုပြောသည်။

(အပေါ်ပုံ)

(NGB)

## ဖာဘီယိုသည် ဖလူးမီနိစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇန်နဝါရီ ၄**

ဖလူးမီနိစ်အသင်းသည် အသင်းဂိုးသမား ဖာဘီယိုကို ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါဂိုးသမားသည် ဖလူးမီနိစ်အသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၂၆၁ ပွဲ ကစားကာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။



အသက်(၄၅)နှစ်အရွယ်ရှိ ဖာဘီယိုက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)



## ဂိုးသမား ဖရေဆာဖော်စတာကို ဘုန်းမောက်အသင်းခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၄**

ဘုန်းမောက်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်ဂိုးသမား ဖရေဆာဖော်စတာကို ခြောက်လစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် နယူးကာဆယ်၊ နော့ဝှစ်ချ်၊ ဆဲလ်တစ်၊ ဆောက်သမ်တန်၊ စပါး စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဂိုးသမားတစ်ဦးဖြစ်ခြင်းကြောင့် ဘုန်းမောက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်း၏ ထုတ်ပြန်ချက်တွင် "ဂိုးသမား ဖရေဆာဖော်စတာကို ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းအပေါ်များစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)

(NGB)

## ပါဘလိုဖီလစ်ပီသည် ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ် (၁၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇန်နဝါရီ ၄**

တိုက်စစ်မှူး ပါဘလိုဖီလစ်ပီသည် ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ် (၁၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ပေါ်တူဂီကလပ်ဂီလ်ဗင်းဆင်တေးအသင်းမှ စတာလင်ပေါင် ၂၁ ဒသမ ၈ သန်းဖြင့် လေးနှစ်ခွဲစာချုပ် ချုပ်ဆိုကာ ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ပါဘလိုဖီလစ်ပီသည် ယခုနှစ်ဘောလုံးရာသီတွင် ဂီလ်ဗင်းဆင်တေးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၄ ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းကခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ပါဘလိုဖီလစ်ပီက "ကျွန်တော် ဝက်စ်ဟမ်းအသင်းမှာ ကျောနံပါတ် (၁၉)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ပရီးမီးယားလိဂ်မှာကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ"ဟု ပြောသည်။ (အောက်ပုံ)(NGB)



## နည်းပြ စကော့ပါကားသည် ဘန်လေအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၄**

ဘန်လေအသင်းသည် လက်ရှိအချိန်တွင် ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ စကော့ပါကားကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိသည်။

ဘန်လေအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ပွဲ ၂၀ ကစားအပြီးတွင် ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် ၁၉ နေရာတွင် ရပ်တည်နေပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိသည်။

နည်းပြ စကော့ပါကားသည် ဘန်လေအသင်းကို ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၇၁ ပွဲတွင် ၃၄ ပွဲနိုင်၊ ၁၉ ပွဲသရေ၊ ၁၈ ပွဲ ရှုံးရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ စကော့ပါကားအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဘန်လေအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)(NGB)



## ဂျိုးဝီလော့ခ်ကို ခေါ်ယူရန် လိဒ်စ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဇန်နဝါရီ ၄**

လိဒ်စ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့သည် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား ဂျိုးဝီလော့ခ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၄ ပွဲ ကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိဒ်စ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း ဂျိုးဝီလော့ခ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။



ထို့ကြောင့် လိဒ်စ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မည်သည့်အသင်းက နယူးကာဆယ်အသင်းထံမှ ဂျိုးဝီလော့ခ်ကို ခေါ်ယူနိုင်မည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ဘန်တီကီကို အယ်လ်ဝါဒါအသင်း ခေါ်ယူ



**လန်ဒန် ဇန်နဝါရီ ၄**

ယူအေအီးကလပ် အယ်လ်ဝါဒါအသင်းသည် ဒီဘီယူနိုက်တက်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တိုက်စစ်မှူး ဘန်တီကီကိုခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (ဝဲပုံ)

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် အက်စတွန်ဗီလာ၊ ခရစ္စတယ်ပဲလေ့စ်၊ ဒီစီယူနိုက်တက် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အယ်လ်ဝါဒါအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။(NGB)

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၅-၁-၂၀၂၆ တနင်္လာနေ့ | ညနေ၃း၃၀နာရီ | (၉)ရခိုင် - ဒဂုံ(၅) (W,W,L,W,D) (L,D,L,W,D) | ရခိုင် ၁-၅ ဒဂုံ ဒဂုံ ၁-၀ ရခိုင် |
| ။ | ညနေ၄း၀၀နာရီ | (၁၂)ရာမည - ဒဂုံပို့(၁၁) (L,D,L,L,L) (L,L,D,L,D) | ———— |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၆-၁-၂၀၂၆ နံနက် ၀၂း၀၀နာရီ | (၁၃)လက်စတာ – ဝက်စ်ဘရွန်း(၁၈) (W,L,L,W,L) (W,L,L,W,L) | လက်စတာ ၂-၁ ဝက်စ်ဘရွန်း ဝက်စ်ဘရွန်း ၁-၁ လက်စတာ |

### အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ (၁၆)သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ရှုံးထွက်အဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၅-၁-၂၀၂၆ တနင်္လာနေ့ | ည၁၀း၃၀နာရီ | အီဂျစ် - ဘီနင် | ———— |
| ၆-၁-၂၀၂၆ အင်္ဂါနေ့ | နံနက်၀၁း၃၀နာရီ | နိုင်ဂျီးရီးယား - မိုဇမ်ဘစ် | ———— |

## ကျေးလက်နေပြည်သူများအား လျှပ်စစ်မီးအန္တရာယ်ကင်းဝေးစေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ကျေးလက်နေပြည်သူများအား လျှပ်စစ်မီးအန္တရာယ် ကင်းဝေးစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကျောက်စံကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် စကုမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက ကျောက်စံကျေးရွာအတွင်း၌ မီတင်းနေထိုင်လျက်ရှိသော ကျေးလက်နေပြည်သူများအနေဖြင့် ကျေးရွာတွင်း လျှပ်စစ်မီးလိုင်းများ ရယူသုံးစွဲရာတွင် လျှပ်စစ်မီးကြိုးမီးခလုတ်မိန်းခုံနှင့် လျှပ်စစ်ဘရေကာများ စနစ်တကျ သွယ်တန်းတပ်ဆင်အသုံးပြုရေး၊ လူတို့၏ ပေါ့ဆမှု၊ လျှပ်စစ်မီးကြောင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး တစ်အိမ်တက်ဆင်း အသိပညာပေးရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား လျှပ်စစ်အန္တရာယ် သတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။**(ဝဲပုံ)(၅၀၀)**



## မီးလောင်မှုဖြစ်ပွား၍ ဈေးဆိုင်ခန်းသုံးခန်း မီးလောင်ဆုံးရှုံး

**မတ္တရာ ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်တွင် ဇန်နဝါရီ ၂ ရက် နံနက် ၄ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

မတ္တရာမြို့၊အမှတ်(၂)ရပ်ကွက်၊ မြနန္ဒာလမ်းရှိ ပျံကျဈေး ဆိုင်ကယ်အပ်နှံရေးဌာနတွင် အသုံးပြုသော မြေစိုက်မီးဖိုမှ မီးကွင်းမီးကျန်ရှိ၍ လေလွင့်ကာ အနီး၌ရှိသော ဆိုင်ခန်းများသို့ မီးကူးစက်လောင်ကျွမ်းကြောင်း သတင်းရရှိ၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းငြိမ်းသူ ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၄ နာရီ မိနစ် ၄၀ တွင် မီးထိန်းနိုင်ခဲ့ပြီး ၄ နာရီ မိနစ် ၅၀ တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် တိုင်ထောင်သွပ်မိုး(ပေ၄၀×၁၀ပေ)ခန့်ရှိ ဆိုင်ကယ်အပ်နှံရေးအဆောက်အအုံတစ်လုံး၊ ခုနစ်ပေပတ်လည်ရှိ ဈေးဆိုင်နှစ်ဆိုင် မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်အခြားတိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါမီးလောင်မှုတွင် မီးပေါ့ဆသူ ဇော်မျိုးထိုက်(၄၆)နှစ်ဆိုသူအား မတ္တရာမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၆၂)**

၀-၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား

**ပဲခူး ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၈၅ မိုင် ၇ ဖာလုံနှင့် ၈၆ မိုင် ၀ ဖာလုံကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ သဲကုန်းမြို့နယ်၊ စံပြကျေးရွာနေ ဦးအောင်မင်းသူ(၃၆)နှစ်ဆိုသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် အမျိုးသားကိုးဦး၊ အမျိုးသမီး ၁၂ ဦး လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်သည် နေပြည်တော်မှ ရန်ကုန်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ



အရောက်၌ ဝဲနောက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ GUARD RAIL တန်းများအား ဝင်ရောက်တိုက်မိခဲ့သောကြောင့် ယာဉ်မောင်းအား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်း အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မင်္ဂလာရပ်ကွက်ရှိ ဆိုင်ကယ်ပြင်ဆိုင် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ (၃) လမ်း၊ ဗိုလ်တောက်ထိန်လမ်းနှင့် ဗိုလ်လက်ယာလမ်းကြားရှိ(၁၅ပေ×ပေ၄၀)၊ သွပ်မိုး၊ ပျဉ်ထောင်နှစ်ထပ်နေအိမ်အောက်ထပ်ရှိ ဦးချစ်ကိုကို(၃၆)နှစ်ဆိုသူ၏ ဆိုင်ကယ်ပြင်ဆိုင်တွင် ဒီဇင်ဘာ ၃၁ ရက် နံနက် ၁ နာရီခွဲက ကွန်ပရက်ဆာမော်တာအသုံးပြုသည့် ပလပ်ခုံအပူလွန်ကဲရာမှ အနီးရှိ ဆိုင်ကယ်အဟောင်းများသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပျဉ်းမနားမြို့နယ် မီးသတ်စခန်း၊ ရွာကောက်နယ်မြေမီးသတ်စခန်း၊ ဘောဂဝတီနယ်မြေမီးသတ်စခန်းတို့မှ မီးသတ်



တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်ရှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၅၇ မိနစ်တွင် မီးငြိမ်းခဲ့သည်။ **(အောက်ဝဲပုံ)**

အဆိုပါမီးလောင်မှုကြောင့် (၁၅ပေ×ပေ၄၀)၊သွပ်မိုး၊ပျဉ်ထောင်နှစ်ထပ်နေအိမ်တစ်လုံး၊ (ပေ၃၀×ပေ၄၀)၊ သွပ်မိုး၊ ပျဉ်ထောင်နှစ်ထပ်နေအိမ်တစ်လုံးနှင့် ဆိုင်ကယ်အဟောင်းလေးစီး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးချစ်ကိုကိုဆိုသူအား ပျဉ်းမနားမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**သထုံ ဇန်နဝါရီ ၄**

မွန်ပြည်နယ်၊ သထုံမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီတွင် သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်၊ ရွှေစာရံဘုရားရှေ့၊ ရန်ကုန်-မော်လမြိုင်လမ်းပေါ်တွင် အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သထုံမီးပွိုင့်ဘက်မှ ရွှေစာရံဘုရားဘက်သို့ ကျောက်တံခါးမြို့နယ်၊ နတ်စင်ပိုင်းကွင်းမြောက်ရပ်ကွက်နေ ကျော်သူရ(၄၄)နှစ်ဆိုသူမောင်းနှင်လာသည့် DAI-HATSU HIJET အဖြူရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော် တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ကျော်သူရဆိုသူအား သထုံမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင် မီးသွေး၊ သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်နှင့် လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်တွင် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ တရားမဝင်မီးသွေး ၃၂ ပေါင်ဝင်အိတ် ၅၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကံတလုပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီးနှင့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခုနစ်မျိုးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဘုတလင်မြို့နယ်၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီဒီဇယ်ဆီ(ချက်ဆီ)ဂါလန် ၁၈၀၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်နှစ်စီးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ ယာဉ်သုံးစီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၁၉၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၈ ရက်တွင် နတ်မောက်မြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၀ ဒသမ ၄၉၁ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## "BOLIVIA" အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၄လမ်း၊ ၁၀၅လမ်းနှင့်၁၀၆လမ်းကြား၊ အကွက်(ဏ-၅)၊ ဦးပိုင်(၉၈)နေ ဦးဟန်မျိုးထွန်း(ဘ)ဦးမဲ(၅/ရဘန(နိုင်)၂၀၆၆၅၄)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**"BOLIVIA"**

**စာချုပ်အမှတ် – (၂၄၀၃/ ၂၀၂၅)**

ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်မျိုးထွန်းသည် အထက်ဖော်ပြပါ **"BOLIVIA"** တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် - **(၂၄၀၃/ ၂၀၂၅)** အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် **(Coffee Shop)** လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်မျိုးထွန်း ပိုင် **"BOLIVIA"** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ **(Coffee Shop)** လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်ခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်မျိုးထွန်း၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## "PROVA" ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၈၆လမ်း၊ ၂၅လမ်းနှင့်၂၆လမ်းကြား၊ အမှတ်(၁၈၀/၅)နေ **(၁) ဦးဘိုဘိုကိုဦး(ဘ)ဦးခင်မောင်ဦး(၉/ခအစ(နိုင်)၀၀၄၆၂၁)၊ (၂) ဒေါ်မေသက်ဇွန်(ဘ)ဦးသိန်းဖေမြင့်(၉/မဟမ(နိုင်)၀၂၃၀၈၃)**တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**"PROVA"**

**စာချုပ်အမှတ် – (၂၄၀၂ / ၂၀၂၅)**

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးဘိုဘိုကိုဦး နှင့် ဒေါ်မေသက်ဇွန်**တို့သည် အထက်ဖော်ပြပါ **"PROVA"** တံဆိပ်ကို ကျွန်ုပ်တို့၏ မူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် -**(၂၄၀၂ / ၂၀၂၅)** အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် **(အရိုး၊ အဆစ်၊ အကြောအထောက်အကူပြုပစ္စည်းအမျိုးမျိုး)**တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးဘိုဘိုကိုဦး နှင့် ဒေါ်မေသက်ဇွန်** တို့ပိုင် **"PROVA"** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ **(အရိုး၊ အဆစ်၊ အကြောအထောက်အကူပြုပစ္စည်းအမျိုးမျိုး)**ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးဘိုဘိုကိုဦး နှင့် ဒေါ်မေသက်ဇွန်** တို့၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၈)၊ ဦးပိုင်နံပါတ်(၄၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးသံလုံး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ဆန်းမြိုင်(ဘ)ဦးကျော်သောင်း(၅/ကနန(နိုင်)၀၅၁၂၁၃)နှင့် ဦးဝင်းဦး(ဘ)ဦးကျော်သောင်း(၅/ကနန(နိုင်)၀၃၅၀၇၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း LL.B ၊ တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၄)၊ ဦးပိုင်နံပါတ်(၁၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးဗိုလ်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း (၃၀×၄၀)ပေထဲမှ တောင်ဘက်အစွန်ဆုံးအခြမ်း (၂၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မော်တင်(ဘ)ဦးပေါ်ကြွယ်(၅/ခဥန(နိုင်)၀၉၈၈၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း LL.B ၊ တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၃)၊ ဦးပိုင်အမှတ်(၂၀၆)၊ အကျယ် (၄၀×၆၀)ပေ အကျယ်အဝန်းရှိသော ဦးခင်မောင်ဝင်း အမည်ဖြင့် ချထားပေးသည့် မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နံကပ်(၁)ထပ် အဆောက်အအုံ၊ မီတာရေ၊ လျှပ်စစ်မီတာ အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးအောင်မြိုင်(ဘ)ဦးထွန်းကြည်(၉/ခမစ(နိုင်)၀၀၄၅၈၈)ကိုင်ဆောင်သူက ပိုင်ဆိုင်ကြောင်း အဆိုပြုရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညွန့်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၆၉-အေလမ်း၊ ၃၇လမ်းနှင့်၃၈လမ်းကြား၊ မဟာနွယ်စဉ်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၃၆၁၄၀၁၊ ၀၉-၄၄၁၀၂၇၃၀၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၁)၊ ဦးပိုင်အမှတ်(၅၄/က)၊ ဧရိယာ (၂၀×၃၀)ပေ အကျယ်အဝန်းရှိ ဦးတပ်နီ(ဘ)ဦးဟန် (EME - ၀၂၀၅၁၅) အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်ခွဲအဆောက်အအုံ၊ (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ဝယ် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်အေးသီတာထွန်း(ဘ)ဦးသန်းထွန်း(၅/ရဥန(နိုင်)၀၄၃၅၈၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြ စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုးအောင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ခ / ၄၁၆)၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၆၉၄၂၂၂၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်အမှတ်(၇၅-က)၊ ဧရိယာ (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မြင့်မြင့်ရီ(ဘ)ဦးဘရှင် (၁၃/သပန(နိုင်)၀၂၈၂၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

---

**မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-ဂ)၊ ဦးပိုင်အမှတ်(၄ဂ)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသော ဦးဇော်ဝမ်း အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်းဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁) ဦးထိန်လင်းဖြိုး(ဘ)ဦးမောင်မောင်လေး (၉/ခမစ(နိုင်)၀၂၃၁၃၄)၊ (၂) ဒေါ်မေစန္ဒာလင်း(ဘ)ဦးမောင်မောင်လေး(၉/ခမစ(နိုင်)၀၂၃၁၃၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁)၊ ဦးပိုင်နံပါတ်(၈၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်သန်းသန်းသွယ် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန္ဒာဝင်း(ဘ)ဦးဘိုးရစ်(၇/နတလ(နိုင်)၀၀၀၇၂၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန်(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်နံပါတ်(၃၇-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်လေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ခင်လေး(ဘ)ဦးတင်မောင်(၉/မရတ(နိုင်)၀၆၃၁၀၃)၊ ဒေါ်ငယ်ငယ်(ဘ)ဦးတင်မောင်(၉/မရတ(နိုင်)၀၆၃၁၀၅)နှင့် ဒေါ်မီညိုနောင်း(ဘ)ဦးတင်မောင်(၉/မရတ(နိုင်)၀၆၃၁၀၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန်(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၁)၊ ဦးပိုင်နံပါတ်(၆၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးအောင်ဆိုင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရှောက်စန်း(ဘ)ဦးလောက်ကျုံ(၁၃/လရန(နိုင်)၁၈၄၁၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၂)၊ ဦးပိုင်နံပါတ်(၄၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်အေးစန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အိအိဖြိုး(ဘ)ဦးစိန်ဝင်း (၉/ပသက(နိုင်)၀၇၉၀၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)တွင် တည်ရှိသော ဦးပိုင်အမှတ်(၆၅)အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ထရန်ကာတစ်ထပ်အိမ် အဆောက်အအုံ (ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးစိုင်းသိန်းနိုင်ဦး(၁၃/ကမန(နိုင်)၀၈၄၁၀၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

| ဦးလှမိုး (ဥပဒေဘွဲ့) | ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့) |
|---|---|
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**09-2070007 , 09-792070007 , 09-43250000**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၇)တွင် တည်ရှိသော ဦးပိုင်အမှတ်(၅၆)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ထရန်ကာတစ်ထပ် အဆောက်အအုံ (ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးထွန်းလင်း(၅/ပလန(နိုင်)၀၄၆၅၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

| ဦးလှမိုး (ဥပဒေဘွဲ့) | ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့) |
|---|---|
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**09-2070007 , 09-792070007 , 09-43250000**

ဗုဒ္ဓံ ဓမ္မံ သံဃံ

# 35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040

## အမျိုးသမီး ဝန်ထမ်း အလိုရှိသည်

**အရောင်းဝန်ထမ်း အမျိုးသမီး ၁၀ ဦး** အလိုရှိသည်။

- ပညာအရည်အချင်းမလို။
- လုပ်ငန်းအတွေ့အကြုံမလို။
- အလုပ် လုပ်ချင်စိတ်ရှိရမည်။

နယ်မှ လာရောက်လျှောက်ထားသူများအတွက် နေထိုင်စားစရိတ် စီစဉ်ပေးမည်။

**၇၉လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ 35 Corner မျက်မှန်ဆိုင် မန္တလေးမြို့**သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် – ဖုန်း ၀၉-၇၅၀၅၆၇၆၉၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၂)၊ ဦးပိုင်နံပါတ်(၇၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၂၇၅)ဧက၊ (၄၀×၃၀)ပေ အကျယ်အဝန်းရှိ ဦးအောင်ဝင်းဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၂၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူလှိုင်(ဘ)ဦးတင်လှိုင်(၅/စကန(နိုင်)၀၄၆၉၁၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B,LL.M,DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၃)၊ ဦးပိုင်နံပါတ်(၇၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးလှဟန်အမည်ပေါက် ဂရန်မြေကွက်၏အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မော်မော်စိန်(ဘ)ဦးစောစိန်(၁၃/ကမန(နိုင်)၀၆၇၀၇၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B,LL.M,DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၁)၊ ဦးပိုင်နံပါတ်(၇၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးမြင့်ဇော်အမည်ပေါက် ဂရန်မြေကွက်၏အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်ဇာထွန်း(ဘ)ဦးထွန်းရွှေ(၉/ခမစ(နိုင်)၀၁၁၇၆၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B,LL.M,DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၀)၊ ဦးပိုင်နံပါတ်(၂၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ခင်လေးသစ်အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဌေးရီ(ဘ)ဦးစက်မောင်(၅/စကန(နိုင်)၁၂၅၀၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ — **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၀၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၃၇)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဦးသိန်းမောင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ဇော်ဦး(ဘ)RAMLAL(၉/အမဇ(ဧည့်)၀၀၀၁၇၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ — **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ — **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ — **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၇)၊ ဦးပိုင်နံပါတ်(၁၀၁)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးကျော်ဝင်းနှင့် ဦးတင်ပေါ်တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သရဖီ(ဘ)ဦးမောင်မောင်(၁၃/မမတ(နိုင်)၀၂၉၀၁၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ — **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၀၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်နံပါတ်(၉၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ တပ်ကြပ်ကြီး ရဲလွင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်မျိုးနိုင်(ဘ)ဦးသိန်းထွန်း(၉/မရတ(နိုင်)၀၁၅၀၈၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ — **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၀၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပပြုလုပ်သည်။





အခမ်းအနားကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံးအမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊ လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး၊ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေးဟူသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

### နိုင်ငံတော်အလံလွှင့်တင်

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နံနက် ၆ နာရီတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသားတိုင်းရင်းသူများ၊ မိဘပြည်သူများသည် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကိုကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ဆက်လက်၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောက အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။ ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

### လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစော သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အင်္ဂလိပ်ပရီးမီးယားလိဂ် ပွဲစဉ်(၂၀)တွင် နယူးကာဆယ်နှင့် ဘရန့်ဖို့ဒ်တို့ နိုင်ပွဲကိုယ်စီရရှိ၊ စပါးနှင့် လီဗာပူးတို့ သရေရလဒ်ထွက်ပေါ်ခဲ့

**လန်ဒန် ဇန်နဝါရီ ၄**

အင်္ဂလိပ်ပရီးမီးယားလိဂ် ပွဲစဉ်(၂၀)တွင် နယူးကာဆယ်နှင့် ဘရန့်ဖို့ဒ်တို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ပြီး၊ စပါးနှင့် လီဗာပူးတို့ သရေတစ်မှတ်သာ ရယူနိုင်ခဲ့ကြသည်။



ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီခွဲက ဘရန့်ဖို့ဒ်အသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရန့်ဖို့ဒ်အသင်းက အဲဗာတန်အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ၁၁ မိနစ်၊ ၅၁ မိနစ်၊ ၈၈ မိနစ်တွင် သီယာဂို၊ ပွဲချိန် မိနစ် ၅၀ တွင် နာသန်ကောလင်းတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဆက်လက်၍ နယူးကာဆယ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ပွဲစဉ်တွင်လည်း နယူးကာဆယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နယူးကာဆယ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် ဂျိုမာရေ့စ်၊ ပွဲချိန် ၇၈ မိနစ်တွင် မာလစ်သီယိုတို့က သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်အဖြစ် စပါးအသင်းနှင့် ဆန်းဒါးလန်းအသင်းက တစ်ဖက်တစ်ဂိုးစီဖြင့်လည်းကောင်း၊ လီဗာပူးအသင်းနှင့် ဖူလ်ဟမ်အသင်းက တစ်ဖက်နှစ်ဂိုးစီဖြင့်လည်းကောင်း သရေရလဒ် ထွက်ပေါ်ခဲ့သည်။

နိုင်ကမ္ဘာ




## ရီးရဲလ်မက်ဒရစ်အသင်းက ဘက်တစ်အသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူ

**မက်ဒရစ် ဇန်နဝါရီ ၄**

စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘက်တစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက ဘက်တစ်အသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် မိနစ် ၂၀၊ မိနစ် ၅၀၊ ၈၂ မိနစ်တွင် ဂွန်ဇာလိုဂါစီယာ၊ ပွဲချိန် ၅၆ မိနစ်တွင် အဆန်စီယို၊ ပွဲချိန် (၉၀+၃) မိနစ်တွင် ဖရန်စစ္စကိုဂါစီယာတို့က အသီးသီးသွင်းယူပေးခဲ့သည်။

(NGB)

ရီးရဲလ်မက်ဒရစ်အသင်း ဝ-ဝ-ဝ-ဝ